ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (2-4-2007) (၅၂၈၀)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တောင်ငူနှင့် ရေတာရှည် မြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှု

နေပြည်တော်   ဧပြီ   ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မတ် ၃၁ ရက် နံနက် ၇ နာရီတွင် နေပြည်တော်မှ ပဲခူးတိုင်း တောင်ငူမြို့သို့ ရထားဖြင့် ရောက်ရှိလာရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အစိုးရနည်းပညာကောလိပ်(တောင်ငူ) ပင်မစာသင်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို စစ်တောင်းတံတား(မုပွလင်) တည်ဆောက်ရေးစီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော်   ဧပြီ   ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်–မြိတ် ကားလမ်းမကြီးပေါ်ရှိ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့အား စစ်တောင်းမြစ်ကို ဖြတ်ကျော်ဆက်သွယ်ထားသော စစ်တောင်းတံတားသို့ရောက်ရှိကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စစ်တောင်းတံတား၏ကြံ့ခိုင်မှုနှင့် စစ်တောင်းမြစ်၏ ရေစီးရေလာအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် စစ်တောင်းတံတား(မုပွလင်) တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တံတားတည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာမှူး ဦးကျော်လင်းက စစ်တောင်းတံတား(မုပွလင်)ကို

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို စစ်တောင်းတံတား(မုပွလင်) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂-၆-၂၀၀၇
(တနင်္လာနေ့)

စွမ်းရည်မြင့်မားသည့် တိုင်းရင်းသားလူငယ်များ လေ့ကျင့်ပျိုးထောင်

နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးကို ရှေးရှုပြီး ဒေသတစ်ခုချင်းမှသည် ပြည်ထောင်စု တစ်ဝန်းလုံး၌ ဖွံ့ဖြိုးရေး စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

အထူးသဖြင့် တစ်ချိန်က ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသော နယ်စပ်ဒေသများ၌ လူမှုစီးပွားဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးရင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးနှင့် အဆင့်မြင့်ပညာတတ်ကျွမ်းသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ၂၀၀၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ပေးခဲ့သည်။ ယခုအခါ အဆိုပါ ကောလိပ်နှစ်ခုမှ ဘွဲ့ရတိုင်းရင်းသားလူငယ် ၅၇၄ ဦးသည် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပါဝင်ထမ်းဆောင်နေကြပြီဖြစ်သည်။

ယခုအခါ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စွမ်းရည်မြင့်တင်ရေးအတွက် အခြေခံပညာကျောင်းများကို တိုးမြှင့်တည်ဆောက် ဖွင့်လှစ်ပေးထားရာ ကျောင်းသား၊ ကျောင်းသူ တစ်သိန်းရှစ်သောင်းကျော် ပညာသင်ကြားလျက်ရှိသည်။ ထို့အပြင် လူငယ်လူရွယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်း ကျောင်း ၂၇ ကျောင်းကိုလည်း ဖွင့်လှစ်၍ ပညာသင်ကြားပေး လျက်ရှိသည်။

အလားတူ စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားမြို့တို့၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများကို ဖွင့်လှစ်ပေးထားသဖြင့် တိုင်းရင်းသားလူငယ်များ လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင်စသည့် သက်မွေးပညာရပ်များ သင်ကြားနေကြပြီဖြစ်သည်။

နိုင်ငံတော်က နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများချမှတ် ဖော်ဆောင်ပေးလျက်ရှိရာ တိုင်းရင်းသားလူငယ်များ၏ စက်မှုစွမ်းရည် ဖွံ့ဖြိုးရေးအတွက် လေ့ကျင့်ပျိုးထောင် အားပေးမှုများနှင့်အတူ စွမ်းရည်မြင့်မားသော တိုင်းရင်းသား စက်မှုအတတ်ပညာရှင်များ ပေါ်ထွက်လာမည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ပျဉ်းမနားမြို့ (ရင်သွေးဆေးကုခန်း)နေ ကွယ်လွန်သူဖခင်ကြီး ဦးကြည်လင်အား ရည်စူး၍ မိခင်ကြီး ဒေါ်ကျင်ပိုကို အမှူးထားကာ သား ဒေါက်တာစန်းမောင်-ဇနီး ဒေါ်လှိုင်မိမိ၊ သား၊ သမီး၊ မြေးတစ်စုတို့က ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယက အကျိုးတော်ဆောင်ဆရာတော်၊ အောင်တော်မူ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယနေ့မိုးလေဝသ

နေပြည်တော်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့ အများအားဖြင့် သာယာမည်။

မိဘာရိပ်သီတဂူဓမ္မသဘင် အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt) (Ph.D) သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ၂၀ရပ်ကွက် လှော်ကားလမ်း အမှတ်(၁)ရှိ သီရိသုဓမ္မမဏ်ဍောတရေ ချမ်းမြေ့သီတဂူဦးနိုင်ဦး (မိဘာရိပ်)-သီရိသုဓမ္မသိဂီ သီတဂူဒေါ်အေးသိန်း၊ သားများဖြစ်ကြသော မောင်ထက်နေဦး၊မောင်ညွန့်ဝင်းနိုင်၊ မောင်ထက်နိုင်ဝင်း (ခ)ခွန်ရွှေမြင့် "မိဘာရိပ်" ကုမ္ပဏီလီမိတက်၊ "မိဘာရိပ်" သစ်စက်မိသားစုတို့၏ အလှူမင်္ဂလာမဏ္ဍပ်ရှေ့၌ ၁၃၆၉ခုနှစ် ကဆုန်လဆန်း ၄ ရက် (ဇွန် ၁၉ ရက်) ကြာသပတေးနေ့ည ၇နာရီတွင် သီတဂူဓမ္မသဘင် အထူးတရားပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ပုသိမ်မြို့၌ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုပေးအပ်

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ၂၀၀၆ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုဆုပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁

၂၀၀၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်း၊ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ တိုင်းကျန်းမာရေးကော်မတီနှင့် ကျန်းမာရေးဌာနခွဲများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်)အသင်းဝင် ဆရာဝန်များ၊ အထူးကုဆရာဝန်ကြီးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ သူနာပြုသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံပေးပို့သော သဝဏ်လွှာကို တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဆွေဝင်းက ဖတ်ကြားကာ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်နှင့် ပတ်သက်၍ တိုင်းတီဘီရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာစောသိန်းက ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးကျော်စန်း၊ တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာဆွေဝင်းတို့က ၂၀၀၆ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းတွင် ထူးချွန်စွာကူညီ ဆောင်ရွက်သူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ခန်းမအတွင်း ပြသထားသော တီဘီရောဂါဆေးများ၊ လက်ကမ်းစာစောင်များ၊ ရောဂါရှာဖွေရေး ဓာတ်ခွဲမှန်ဘီလူးများ၊ နံရံကပ်ပိုစတာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးချုသန်း၏ (၈၃)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် သံလွင်လမ်းနေ ဦးချုသန်း-ဒေါ်ဝင်းကြည် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ် ငါးသိန်းကို တိ-နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တောတိုက်ဓမ္မရိပ်သာ သကြံန်တရားစခန်း

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက် ဓမ္မရိပ်သာ ကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယက၊ ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ရွှေပြည်သာမြို့ဦး၊ သာစုကန်စေတီတော် ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရ မဟာထေရ် ဆရာတော်ကြီးကိုယ်တိုင် မဟာသကြံန် ဒုလ္လဘအထူးတရားစခန်းပွဲကို ဇွန် ၈ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ ဒုလ္လဘရဟန်းသာမဏေ၊ သီလရှင် ဝတ်လိုသူများနှင့် တရားအားထုတ်လိုသော ယောဂီများသည် ဖုန်း-၆၃၅၀၂၇၊ ၆၃၅၄၂၄ သို့ ဆက်သွယ်နိုင်ကြောင်းနှင့် ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီအရောက်လာကြပါရန် အသိပေးနှိုးဆော်ကြောင်း သိရသည်။ (က-ပ)

အဆင့်မြင့်နွေရာသီ ယမိုက်-ပဋ္ဌာန်း အထူးသင်တန်း

ရန်ကုန် ဇွန် ၁

အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ (၁၆)ကြိမ်မြောက် အဆင့်မြင့်နွေရာသီ ယမိုက်-ပဋ္ဌာန်းအထူးသင်တန်းကို ဇွန်၂၄ရက်မှ ၂၇ရက်အထိ ကျင်းပမည်ဖြစ်ရာ အတွင်းသင်တန်းသားများ ဇွန် ၂၁ ရက်အရောက် ကြွရောက်ရန်နှင့် သာသနာဝင်မှတ်တမ်း (သို့မဟုတ်) ဆရာသမားထောက်ခံစာ၊ အိပ်ရာလိပ်၊သပိတ်လွယ်၊ရေချိုးခွက်၊ရေနွေးခွက် ယူဆောင်လာကြရန်နှင့် လေ့လာသင်ကြားနည်းယူကြသော တိုင်းနှင့်ပြည်နယ်အသီးသီးမှ စာချစာသင် ရဟန်းသာမဏေသီလရှင်များအား နံနက်ဆွမ်း၊ နေ့ဆွမ်း၊အအေး၊ သင်တန်းသုံးစာအုပ်များကို ဆက်သွယ်လှူဒါန်းနိုင်ကြပြီး (၄)ကြိမ်မြောက် အဆင့်မြင့်နွေရာသီယမိုက်-ပဋ္ဌာန်း အထူးသင်တန်းကို သထုံမြို့၊စမ်းအေးမြိုင်တောရကျောင်းတိုက်၌ ဇွန်၂၁ရက်မှ ဇူလိုင်၃၀ရက်ထိ ယခင်နှစ်များကဲ့သို့ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သဲကုန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇွန် ၁

သဲကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံဘုရား တောင်ဘက်မုခ် သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် သဲကုန်းမြို့နယ်သူ၊ မြို့နယ်သား(ဆင်မြီးဆွဲ၊သဲကုန်း၊ ပုတီးကုန်း၊ ဝက်ပုတ်၊အင်းမ) အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် မိသားစု စုံစုံညီညီဖြင့် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၂၆)ရပ်ကွက် အောင်ဇေယျအိမ်ရာ သန့်ရှင်းသာယာလှပရေးကော်မတီရုံး၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်း လျှော့ချနိုင်မှုအခြေအနေ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ မြို့နယ်အတွင်း ရပ်ကွက်များအလိုက် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။ (အပေါ်ပုံ)

ထို့နောက် တိုင်းမှူးက သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့နှင့်အတူ ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အောင်ဇေယျ အိမ်ရာဝင်းအတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျန်းမာရေး ပညာပေးဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ကြရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က မြို့နယ်၊ ရပ်ကွက်အလိုက် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် အမှတ် (၅)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်စကြာ အရှင်စန္ဒသိရီတရား ဟောကြားမည်

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်းပြည်ပသာသနာပြု နယ်လှည့်ဓမ္မကထိက အောင်စကြာ အရှင်စန္ဒသိရီ (ဓမ္မာစရိယ)သည် ဧပြီ ၈ ရက်တွင် လှိုင်မြို့နယ် (၁၆)ရပ်ကွက် မလွန်ဆန်လှူ အသင်းထောက် ဓမ္မသဘင်၊ ၉ ရက်တွင် သုဝဏ္ဏမြို့ စစ်ကိုင်းစာသင်တိုက် ကိုမျိုးဝင်း-မစိုးဥမ္မာမိသားစု ရှင်ပြုရဟန်းခံအလှူပွဲ ဓမ္မသဘင်၊ ၁၀ ရက်တွင် တောင်ဒဂုံ (၁၉)ရပ်ကွက် ရှင်ပြုရဟန်းခံ အလှူပွဲဓမ္မသဘင်၊ ၁၃ ရက် နေ့လယ်တွင် သာကေတမြို့ (၇)ရပ်ကွက် ဝီရိယာဓိကဓမ္မာရုံဓမ္မသဘင်၊ ညပိုင်းတွင် သာကေတမြို့ (၅)ရပ်ကွက် သီဂီ (၃)လမ်း ဓမ္မသဘင်၊ ၁၄ ရက်နေ့လယ်တွင် သာကေတမြို့ (၇)ရပ်ကွက် ဝီရိယာဓိကဓမ္မာရုံ ဓမ္မသဘင်၊ ၁၅ ရက်နေ့လယ်တွင် သာကေတမြို့ ဇိနမာရ်အောင်ဘုရား-ဝိမုတ္တိရသ ဓမ္မဗိမာန်ဓမ္မသဘင်၊ ညပိုင်းတွင် ကမာရွတ် ဘူတာရုံလမ်း ဇေယျဝတီစာသင်တိုက် ဓမ္မသဘင်၊ ၁၆ ရက်တွင် ဇေယျဝတီစာသင်တိုက် ဓမ္မသဘင်၊ ၁၇ ရက် နေ့လယ်တွင် သာကေတမြို့ ဇိနမာရ်အောင်ဘုရား ဝိမုတ္တိရသ ဓမ္မဗိမာန်ဓမ္မသဘင်တို့၌ သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

မော်လမြိုင် ကျိုက်ခတ်သုတ်တရားစခန်း

ရန်ကုန် ဧပြီ ၁

မော်လမြိုင်မြို့ ကျိုက်ခတ်သုတ်ဘုရားတွင် နှစ်စဉ်ကျင်းပသော လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့၏ ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၁ရက် ညမှစ၍ ၁၉ ရက် နံနက်အထိ (၁၈)ကြိမ်မြောက် ကျင်းပမည်ဖြစ်ပါသဖြင့် ယောဂီများ ကြိုတင်စာရင်းပေးလိုပါက ဥက္ကဋ္ဌ ဆရာကြီး ဦးတင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ခင်ကျော်၊ အတွင်းရေးမှူး ဒေါက်တာသောင်းမြင့် ဖုန်း-၀၅၇/၂၂၈၉၉-၀၅၇/၂၄၀၄၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လယ်ဝေးမြို့နယ် ပျဉ်းမနား (တောင်) သစ်ထုတ်ရေးဒေသ၏ မဲဟော်ကြိုးဝိုင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

ပျဉ်းမနား(တောင်) သစ်ထုတ်ရေးဒေသ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၃၁ ရက်တွင် လယ်ဝေးမြို့နယ် မဲဟော်နယ်ရှိ ပျဉ်းမနား(တောင်) သစ်ထုတ်လုပ်ရေး ဒေသ၏တောင်စဉ်အေး သစ်ဆိပ်သို့ရောက်ရှိရာ သစ်ဆိပ်ရှင်းလင်းဆောင်၌ ဒေသမန်နေဂျာ ဦးဝင်းမော်က ယခုနှစ်အတွက် သစ်ထုတ်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနား (တောင်)သစ်ထုတ်ရေးဒေသ၏ မဲဟော်ကြိုးဝိုင်းအတွင်းသို့ ရောက်ရှိ၍ သစ်ထုတ်လုပ်နေသည့် အခြေအနေနှင့် သစ်တောကြိုးဝိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့က ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ၂၀၀၆ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲတွင် သက်ကြီး စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (ကြေးမုံ)

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၆ ခုနှစ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် သိမ်ဖြူလမ်းရှိ ဝိုင်အမ်စီအေခန်းမ၌ ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့် (မောင်ရန်ရှင်း) နှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင် (တက္ကသိုလ်သန်း)တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်) ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးမြင့်စိုး (ကွမ်း-ပေါင်းတည်)ကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး အဖွဲ့ဝင်တစ်ဦးက အကြံပြုဆွေးနွေး၍ အစည်းအဝေးက အတည်ပြုသည်။

ယင်းနောက် ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ကန်တော့ခံသက်ကြီး စာရေးဆရာကြီးများအား အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြပြီး စာရေးဆရာ ကဗျာဆရာကြီး ဒေါက်တာထီလာစစ်သူက ဆုံးမဩဝါဒစကားပြောကြားသည်။

(သတင်းစဉ်)

အမှတ်(၁) အလက(မော်လမြိုင်) ယခင် ရခိုင်စု (အလက)ကျောင်း၏ ဒုတိယအကြိမ် အာစရိယ မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးအတွက် မတ် ၂၃ ရက်က ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနေ ကျောင်းသားဟောင်း ဦးဟန်တင်-ဒေါ်တင်သိန်းမိသားစုက ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းရာ ဒုတိယအကြိမ် အာစရိယ မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီမှ လက်ခံရယူစဉ်။ (ပညာရေး)

ပါကစ္စတန်နိုင်ငံက စမ်းသပ်ပစ်လွှတ်မည့် တာတိုပစ်ဒုံးကျည်တစ်စင်းကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး သဘောတူညီချက် ယူအေအီးနှင့် ကုလသမဂ္ဂ လက်မှတ်ရေးထိုး

အဘူဒါဘီ မတ် ၃၁

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နှင့် ဒေသအတွင်း မူးယစ်ဆေးဝါးပျံ့နှံ့မှု နည်းပါးစေရေးအတွက် ရဲတပ်ဖွဲ့၏စွမ်းပကားကို တိုးမြှင့်နိုင်ရန် ဒူဘိုင်းရဲတပ်ဖွဲ့နှင့် ကုလသမဂ္ဂတို့ သဘောတူညီချက်တစ်ရပ်ကိုလက်မှတ်ရေးထိုးလိုက်ကြောင်း ခါလီတိုင်းမ်သတင်းစာက သောကြာနေ့တွင် ရေးသားသည်။

လက်မှတ်ရေးထိုး

အဆိုပါ သဘောတူညီချက်ကို ဒူဘိုင်းရဲချုပ်ဖြစ်သူ ခယ်ဖန်တာမင်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်ပြစ်မှုဆိုင်ရာဌာနမှ အမှုဆောင်ညွှန်ကြားရေးမှူး မာရီယာကော့စတာတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်တွင် မူးယစ်ဆေးဝါးအသုံးပြုမှု လျော့ပါးရေးအတွက် လူငယ်များအား အသိပညာပေးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး မဟာဗျူဟာချမှတ်ရေးကို အလေးပေး ဖော်ပြထားသည်။

ယူအေအီး၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် ဒူဘိုင်းရဲတပ်ဖွဲ့က အဓိကကျသည့်ကဏ္ဍမှ ပါဝင်လျက်ရှိသည်ဟု ဆိုသည်။

မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် အိဒ်စ်ရောဂါဖြစ်ပွားနိုင်ပြီး မူးယစ်ဆေးဝါးရောင်းချရာမှရသည့် ဝင်ငွေများက ရာဇဝတ်ဂိုဏ်းနှင့် အကြမ်းဖက်အုပ်စုများထံသို့ ရောက်ရှိသွားသည်ဟု ခယ်ဖန်တာမင်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပထမဆုံး ဒုံးပျံယာဉ် တောင်ကိုရီးယားလွှတ်တင်မည်

ဆိုးလ် မတ် ၃၁

တောင်ကိုရီးယားနိုင်ငံက ကမ္ဘာပတ်လမ်းကြောင်းအတွင်း ဂြိုဟ်တုတစ်လုံး ထားရှိရန်အတွက် ပထမဆုံးသောဒုံးပျံယာဉ်ကို ၂၀၀၈ခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသိပ္ပံဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားကယင်းသို့ဒုံးပျံယာဉ်လွှတ်တင်ရာတွင် ရုရှားနိုင်ငံက နည်းပညာအကူအညီပေးမည်ဟု အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

တောင်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့သည် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်(တီအက်စ်အေ)ကို ၂၀၀၆ခုအောက်တိုဘာလအတွင်းကလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ နှစ်နိုင်ငံသည် အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို ၂၀၀၄ခု စက်တင်ဘာလအတွင်းက လက်မှတ်ရေးထိုးခဲ့သည်။

တောင်ကိုရီးယားအမျိုးသားလွှတ်တော်က တီအက်စ်အေကို အတည်ပြုပေးခဲ့သည်။ ယင်းသဘောတူညီချက်အရ အာကာသနည်းပညာကို ငြိမ်းချမ်းစွာအသုံးပြုရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကို ခွင့်ပြုထားသည်။ နှစ်နိုင်ငံဆိုင်ရာ သဘောတူညီချက်ကို ရုရှားလွှတ်တော်က အတည်ပြုပေးရမည်ဖြစ်သည်။ အဆိုပါ သဘောတူညီချက်အရ တောင်ကိုရီးယားနိုင်ငံသည် အာကာသဒုံးပျံယာဉ်လွှတ်တင်ရေးယာဉ်ကို စတင်တည်ဆောက်နိုင်မည်ဖြစ်ပြီး သိပ္ပံဆိုင်ရာ ဂြိုဟ်တုတစ်လုံးကို ကမ္ဘာပတ်လမ်းကြောင်းတွင် လွှတ်တင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ဂျီးရီးယားမြောက်ပိုင်းတွင် ရေနံတင်ကား မီးလောင်၊ လူ ၇၀ကျော် သေဆုံး

လေဂို့စ် မတ် ၃၁

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ရေနံတင်ကားတစ်စင်း မီးလောင်မှု ဖြစ်ပွားခဲ့ရာ လူ ၇၀ကျော် သေဆုံးကြောင်း၊ သေဆုံးရသူများမှာ ရေနံတင်ကားမှ ရေနံကို ထုတ်ယူနိုင်ရန် ကြိုးပမ်းခဲ့သူများဖြစ်ကြောင်း ရဲတပ်ဖွဲ့က မတ် ၃၁ရက်တွင် ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံ ကာတူနာရီပြည်နယ်ရှိ ကာတူကယ်ကျေးရွာတွင် ရေနံတင်ကားမီးလောင်မှုဖြစ်ပွားခဲ့သည်။ ရေနံတင်ကား မီးမလောင်မီ တိမ်းမှောက်သွားခဲ့ကြောင်း၊ ရွာသူရွာသားများက တိမ်းမှောက်သွားသည့် ရေနံတင်ကားမှ ရေနံကို ရယူနိုင်ရန် လုပ်ဆောင်နေချိန်တွင် မီးလောင်ခဲ့ကြောင်း၊ လူ ၇၀ကျော်သေဆုံးသည်ဟု မိမိတို့အတည်ပြုနိုင်ကြောင်း၊ အသက်ဘေးမှ လွတ်မြောက်သူအချို့ ရှိသော်လည်း လူအရေအတွက်အတိအကျကို မသိရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ကာတူကယ် ကျေးရွာသည် ပြည်နယ်မြို့တော် ကာတူနာ၏ တောင်ဘက် ကီလိုမီတာ ၁၅၀အကွာခန့်တွင် တည်ရှိသည်။

အင်တာနက်။

ကန်ဒါဟာပြည်နယ်၌ ဗုံးပေါက်ကွဲ လေးဦးသေဆုံး

ကန်ဒါဟာ မတ် ၃၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးအနီး ဗုံးပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင်ပြောကြားသည်။

ရဲတပ်ဖွဲ့ ယူနီဖောင်းဝတ်ဆင်ထားသူတစ်ဦးသည် ရဲတပ်ဖွဲ့မှူး၏ရုံးခန်းအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းခဲ့ကြောင်း၊ ၎င်းကိုရပ်တန့်ရှာဖွေမှု ပြုလုပ်ချိန်အတွင်း ဗုံးပေါက်ကွဲခဲ့ကြောင်း ရဲတပ်ဖွဲ့မှူးက ပြင်သစ်သတင်းဌာနသို့ ပြောကြားသည်။

အင်တာနက်။

ဟောင်ကောင်နှင့် ပါကစ္စတန် စီးပွားရေးဆက်ဆံမှု တိုးမြှင့်မည်

အစ္စလမ္မာဘတ် မတ် ၃၁

တရုတ်နိုင်ငံ အထူးအုပ်ချုပ်ခွင့်ရ ဟောင်ကောင်ဒေသနှင့် ပါကစ္စတန်နိုင်ငံတို့ စီးပွားရေးဆက်ဆံမှု တိုးမြှင့်ရန် သဘောတူညီကြကြောင်း မတ် ၃၁ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ရှော်ကတ်အဇစ်သည် ဟောင်ကောင်ကျွန်း အမှုဆောင်အရာရှိချုပ်ဒေါ်နယ်စောနှင့် ဟောင်ကောင်နှင့် ပါကစ္စတန်နိုင်ငံတို့သည် လေကြောင်းခရီးစဉ်တိုးမြှင့်ပျံသန်းရေး၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြည်ဝင်ဗီဇာထုတ်ပေးမှု လွယ်ကူစေရေးတို့နှင့်ပတ်သက်၍လည်း သဘောတူညီကြသည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ကြမည့်အပြင် ပုဂ္ဂလိကကဏ္ဍ ဆက်သွယ်မှု ပိုမိုဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရှော်ကတ်အဇစ်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် ပြည်ပရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်သော စီးပွားရေးမူဝါဒများကို ချမှတ်ကျင့်သုံးလျက်ရှိကြောင်း အဇစ်က ပြောကြားသည်။ မိမိတို့၏ စီးပွားရေးနယ်ပယ်ကဏ္ဍအရပ်ရပ်တွင် ကမ္ဘာတစ်ဝန်းမှ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့် ပြုလုပ်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

အင်တာနက်။

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ



မတ် ၂၉ ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့တွင် မြေပြိုမှုဖြစ်ပွားခဲ့သည့် နေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့်ရုရှား ရထားဖြင့် ကုန်စည်ပို့ဆောင်မှု တိုးတက်လာ

ပေကျင်း မတ် ၃၁

တရုတ်နှင့် ရုရှားနိုင်ငံတို့အကြား မီးရထားဖြင့် ကုန်စည်တင်ပို့မှုပမာဏသည် ၂၀၀၆ခုနှစ်တွင် တန်ချိန်စုစုပေါင်း ၃၃ ဒသမ ၈သန်းရှိကြောင်း၊နှစ်အလိုက် နှိုင်းယှဉ်လျှင် ၁၁ရာခိုင်နှုန်း တိုးတက်လာကြောင်း တရုတ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

တရုတ်-ရုရှားနယ်စပ်ရှိ မန်ကျိုးလီဘူတာရုံမှတစ်ဆင့် ကုန်စည်တင်ပို့မှုသည် ယမန်နှစ်က ကုန်သေတ္တာ ၃၂၆၈၃ လုံးအပါအဝင်ကုန်စည်တန်ချိန် ၂၁သန်းရှိခဲ့ကြောင်း၊ နှစ်အလိုက် ၄၂ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၀၀၇ခုနှစ် ပထမနှစ်လတာလတွင် ကုန်တန်ချိန် ၆ ဒသမ ၂သန်းကို နှစ်နိုင်ငံမှ ကုန်ရထားများက ပို့ဆောင်ပေးခဲ့ကြောင်း၊ ၂၀၀၆ခုနှစ်ကထက် ၁၇ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း ဝန်ကြီးဌာနက ပြောကြားသည် **အမ်အင်အေ၊ဆင်ဟွာ။**

ဆာအတ်အစည်းအဝေး သီရိလင်္ကာသမ္မတ တက်ရောက်မည်

ကိုလံဘို မတ် ၃၁

အိန္ဒိယနိုင်ငံနယူးဒေလီမြို့တွင် ဧပြီ ၃ရက်မှ ၄ရက်အထိ ကျင်းပမည့် (၁၄)ကြိမ်မြောက် တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဆာအတ်)၏ထိပ်သီးအစည်းအဝေးသို့ သီရိလင်္ကာသမ္မတ မဟိန္ဒာရာဇာပတ်ဆေး တက်ရောက်မည်ဖြစ်ကြောင်း သီရိလင်္ကာအစိုးရက ကြာသပတေးနေ့က ပြောကြားသည်။

သမ္မတမဟိန္ဒာသည် သီရိလင်္ကာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင် တက်ရောက်မည်ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင်ပါရှိသည်။ယင်းအစည်းအဝေးတွင် ဆာအတ်လွတ်လပ်သည့်ကုန်သွယ်ရေး သဘောတူညီချက်ဖော်ဆောင်ရေး၊ ဒေသဆိုင်ရာ ကုန်သွယ်ရေးတိုးမြှင့်ရေး၊ လူမှု စီးပွားရေးဖွံ့ဖြိုးမှု၊ ဆင်းရဲမွဲတေမှု လျော့ပါးရေးနှင့် အကြမ်းဖက်မှု ထိန်းချုပ်ရေး ကိစ္စတို့ကိုဆွေးနွေးကြမည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဂျာမနီနိုင်ငံ စတာကိုးမြို့၌ ငါးပုံသဏ္ဌာန် ပြုလုပ်ထားသည့် စက်ဘီးတစ်စီးကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့ ဆိပ်ကမ်းကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုန်သွယ်ရေးတိုးမြှင့်ရန် သဘောတူညီချက်များ ရုရှားနှင့် တရုတ်ခေါင်းဆောင်များ လက်မှတ်ရေးထိုး

မော်စကို မတ် ၃၁

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ကုန်သွယ်ရေး သဘောတူညီချက်များကို မတ် ၂၇ ရက်က လက်မှတ်ရေးထိုးလိုက်ကြသည်။ အမေရိကန်ဒေါ်လာ လေးဘီလီယံတန်ဖိုးရှိ ကုန်သွယ်ရေးသဘောတူညီချက်များအရ သတ္တုလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ရှာဖွေမှုလုပ်ငန်းနှင့် ရေနံလုပ်ငန်းဆိုင်ရာ ကုန်သွယ်ရေးလုပ်ငန်းများကို မြှင့်တင်ကြမည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

တရုတ်သမ္မတ ဟူကျင်တောင်သည် ရုရှားနိုင်ငံသို့ ရောက်ရှိနေချိန်အတွင်း ယင်းသဘောတူညီချက်များကို လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။ သမ္မတဟူနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် မြို့တော်မော်စကိုတွင် ကျင်းပသည့် တရုတ်ကုန်စည်ပြပွဲကို ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါ ကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံလုပ် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ခင်းကျင်း ပြသထားသည်။ တရုတ်နိုင်ငံက ပြည်ပတွင် ခင်းကျင်းပြသသည့် ကုန်စည်ပြပွဲများအနက် ယင်းကုန်စည်ပြပွဲသည် အကြီးကျယ်ဆုံးပင် ဖြစ်သည်။ သတင်းအချက်အလက် နည်းပညာ၊ မြို့ပြလေကြောင်း အာကာသစက်မှုလုပ်ငန်း၊ နျူကလီးယားစွမ်းအင်၊ အီလက်ထရွန်နစ်လုပ်ငန်း ကဏ္ဍစသည်တို့တွင် အောင်မြင်မှုများရရှိနေသည့် တရုတ်နိုင်ငံမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများကို မိမိတို့တွေ့မြင်ရကြောင်း သမ္မတ ပူတင်ကပြောကြားသည်။

ထောက်ပံ့မည်

နှစ်နိုင်ငံ လက်မှတ်ရေးထိုးလိုက်သော ကုန်သွယ်ရေး သဘောတူညီချက်များအရ ရုရှားရို့စ်နက်ဖ်ရေနံကုမ္ပဏီသည် တရုတ်နိုင်ငံသို့ ဂျက်လေယာဉ်သုံး လောင်စာများကို ပေးပို့ထောက်ပံ့မည်ဖြစ်သည်။ ၎င်းအပြင် ရုရှားနိုင်ငံလုပ် သံမဏိထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ နှစ်ရှည် ရောင်းချခွင့်ရရှိမည်ဖြစ်သည်။ ***အင်တာနက်။***

ဘလူးဘယ်ရီသီး စားသုံးခြင်းဖြင့် အူမကြီးကင်ဆာရောဂါ ကာကွယ်နိုင်

ဆော့လိတ်စီးတီး မတ် ၃၁

ဘလူးဘယ်ရီသီးများတွင် ပီထရိုစတီဗင်း (Ptero Stibene) ခေါ် ဓာတုဗေဒ ဓာတ်ပေါင်းတစ်မျိုးပါရှိသည်။ ထိုဓာတ်ပေါင်းက အူမကြီးကင်ဆာဖြစ်ပွားမှုမှ အကာအကွယ်ပေးနိုင်ကြောင်းကို အမေရိကန်နိုင်ငံရှိ ဂူဂါစိုက်ပျိုးရေးတက္ကသိုလ်မှ သုတေသီများက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ပီထရိုစတီဗင်းဓာတ်ပေါင်းသည် အင်အားကောင်းသော ဓာတ်တိုးလျှော့ပစ္စည်းတစ်မျိုးဖြစ်သည်။ ထိုသတ္တိကြောင့်ပင် ကင်ဆာရောဂါ ဖြစ်ပွားမည့် အန္တရာယ်ကို အကာအကွယ်ပေးနိုင်ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ ဓာတုဗေဒအဖွဲ့အစည်းများ၏ (၂၃)ကြိမ်မြောက် အစည်းအဝေးတွင် အထက်ဖော်ပြပါ တွေ့ရှိချက်များကို သုတေသီများက တင်ပြခဲ့ကြသည်။

အူမကြီးကင်ဆာသည် အမေရိကန်နိုင်ငံသားများကို သေဆုံးစေသော ကင်ဆာရောဂါအမျိုးအစားများအနက် ဒုတိယနေရာမှလိုက်သည့် ရောဂါ ဖြစ်သည်ဟု မှတ်ယူထားကြသည်။

သိပ္ပံပညာရှင်များသည် ဓာတ်ခွဲခန်းသုံး ကြွက်ငယ် ၁၈ကောင်ကို အသုံးပြု၍ ဘလူးဘယ်ရီသီး ဓာတ်ပေါင်း၏ အာနိသင်ကို သိရှိရန် စမ်းသပ်လေ့လာခဲ့သည်။ ထိုကြွက်ငယ်များအနက် ကိုးကောင်ကို ပုံမှန်အစားအစာအပြင် ဘလူးဘယ်ရီသီးမှရသော ဓာတ်ပေါင်းကိုလည်း စားသုံးစေခဲ့သည်။ ဖော်ပြပါ ကြွက်ငယ်နှစ်စုစလုံးကို အူမကြီးကင်ဆာရောဂါရစေရန် အေဇိုအောက်ဆီမီသိမ်းဓာတ်ပေး၍ ဖန်တီးယူခဲ့ကြသည်။

ဘလူးဘယ်ရီသီးမှရသော ဓာတ်ပေါင်းကို စားသုံးရသော ကြွက်များ၌ ကင်ဆာဆဲလ်များ ပွားများမှုနှုန်းသည် ပုံမှန်အစားအစာကိုသာ စားရသော ကြွက်များထက် ကင်ဆာဆဲလ်ပွားစည်းမှု ၆၀ ရာခိုင်နှုန်းလျော့နည်းနေသည်ကို တွေ့ရသည်ဟု ဆိုသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လေထုညစ်ညမ်းမှုနှင့် ဆီးနှင်း မိုးရွာသွန်းမှု ဆက်နွယ်မှုရှိ

ဂျေရုဆလင် မတ် ၃၁

လေထုညစ်ညမ်းမှုနှင့် ဆီးနှင်း မိုးရွာသွန်းမှုတို့ ဆက်နွယ်မှုရှိကြောင်း အစ္စရေးသိပ္ပံပညာရှင်များက စနေနေ့တွင် ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်အရ သိရှိရသည်။

အစ္စရေးသိပ္ပံပညာရှင်များသည်လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာ့အပူချိန်ပြောင်းလဲမှု မည်သို့ဖြစ်ပေါ်နိုင်သည်ကို လေ့လာခဲ့ကြသည်။

ယနေ့ကာလတွင် လေထုညစ်ညမ်းမှုသည်ကမ္ဘာ့မြို့ကြီးများ၏ ဝေဟင်တည်ရှိရာနေရာမှ တောင်တန်းများ၏ ဝေဟင်တည်ရှိရာနေရာသို့ ရွေ့လျားသွားကြောင်း၊ တောင်တန်းများပေါ်တွင် ဖွဲ့စည်းနေသည့် လေထုညစ်ညမ်းမှုသည် မိုးရွာသွန်းပုံကို ပြောင်းလဲစေနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

တယ်လ်အဖာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ၁၅၂ ဦး သေဆုံး

ဘဂ္ဂဒက် မတ် ၃၁

အီရတ်နိုင်ငံ တယ်လ်အဖာမြို့တွင် ထရပ်ကားဗုံးပေါက်ကွဲမှုကြောင့်သေဆုံးသူဦးရေမှာ စနေနေ့တွင် ၁၅၂ဦးအထိ ရောက်ရှိလာကြောင်း၊ လေးနှစ်ကြာ အီရတ်စစ်ပွဲကာလအတွင်း ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးရမှုဖြစ်ရပ်များအနက် သေဆုံးသူဦးရေ အများဆုံးဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တယ်လ်အဖာမြို့တွင် အင်္ဂါ နေ့က ကားဗုံးပေါက်ကွဲခဲ့ရာ ၃၄၇ ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းနေ့မှာပင် နောက်ထပ်ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သော်လည်း ထိခိုက်ပျက်စီးမှု နည်းပါးသည်။

ထရပ်ကားများ ပေါက်ကွဲမှုကြောင့် နေအိမ်အလုံးပေါင်း ၁၀၀ ခန့် ပျက်စီးခဲ့ရကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် ဖြက် ၇၅ပေရှိ တွင်းကြီးဖြစ်ပေါ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် အဗ္ဗဒူလ်ခါရင်းခါလစ်က ပြောကြားသည်။ **အင်တာနက်။**

ပိုလန်လုပ် သံချပ်ကာကားများ မလေးရှားသို့ ရောင်းချမည်

ဝါဆော မတ် ၃၁

ပိုလန်နိုင်ငံမှ နာမည်ကျော် စစ်ဘက်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီဘူမာ အုပ်စုက သံချပ်ကာကားများကို မလေးရှားနိုင်ငံသို့ ရောင်းချရန် စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ညှိနှိုင်းလျက်ရှိရာ အပြီးသတ်အဆင့်သို့ ရောက်ရှိနေကြောင်း၊ မလေးရှားအစိုးရက အဆိုပါ သံချပ်ကာကားများကို စမ်းသပ်ခဲ့ရာတွင် အရည်အသွေး ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း ပိုလန်ပီအေပီ သတင်းဌာနက ကြာသပတေးနေ့တွင် သတင်းဖော်ပြသည်။

ဝယ်ယူမည်

အမေရိကန်ဒေါ်လာ သန်း ၃၇၀ဖိုးရှိ သံချပ်ကာကားများကို ဝယ်ယူရန် စာချုပ်မည်ဖြစ်သည်။

စတင်ပို့မည်

မလေးရှားနိုင်ငံအတွက် ပထမဆုံး သံချပ်ကာကားသုံးစီးကို မေလတွင် စတင်တင်ပို့မည်ဖြစ်ပြီး နောက်ထပ်ခြောက်စီးကို ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ပို့ပေးမည်ဖြစ်သည်။ နှစ်နှစ်အတွင်း မလေးရှားနိုင်ငံသို့ အပြီးအစီးတင်ပို့ရန်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘီလာရုစ်နိုင်ငံ ရောဘီချီမြို့၌ လိုဏ်ဂူစူးစမ်းလေ့လာသူများ၏ စွမ်းရည်ပြပွဲ ပြုလုပ်နေသည်ကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အသက် ၆၆နှစ်ရှိ အမျိုးသမီးကြီး ကလေးမွေးဖွား

ဗီယင်နာ မတ် ၃၁

ဩစတြီးယားနိုင်ငံတွင် အသက် ၆၆နှစ်ရှိ အမျိုးသမီးတစ်ဦး ကလေးမွေးဖွားကြောင်း၊ ကလေးငယ်၏ ကျန်းမာရေး အခြေအနေမှာကောင်းမွန်ကြောင်း မတ် ၂၉ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဩစတြီးယားနိုင်ငံတောင်ပိုင်း ဂရိုက်မြို့ရှိ ပြည်သူ့ဆေးရုံတွင် အဆိုပါ အမျိုးသမီး ကလေးမျက်နှာမြင်ခဲ့သည်။ သို့ရာတွင် ယင်းအမျိုးသမီး၏ အမည်ကို ဆေးရုံက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အဆိုပါ အမျိုးသမီးသည် ဖန်ပြွန်သန္ဓေသားနည်းစနစ်အရ ကိုယ်ဝန်တည်ခဲ့ပြီး မီးဖွားခဲ့သည်။ သူမသည် လွန်ခဲ့သည့် ငါးနှစ်ကလည်း ဖန်ပြွန်သန္ဓေသားနည်းစနစ်ဖြင့်ပင် မီးဖွားခဲ့သေးကြောင်း ဆေးရုံပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

နှစ်သစ်ကို အလင်းတံခါးဖွင့်လို့ ကြိုဆိုပွဲ ရေနံ့သာမြို့မှာ ဆင်ကာနွှဲ

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

ရွက်ဟောင်းညှာကြွေ ရွက်သစ်တွေဝေသည့် နွေဦးသစ်စ အခါသမယမှာ ချစ်သောအညာမြေကို ရောက်ခဲ့ရပြန်ပါပြီ။ မတ်လ ၁၉ ရက်နေ့၏ နံနက်ခင်းမှာပင် ညောင်ဦးမြို့သို့ လေယာဉ်ဖြင့်လည်းကောင်း၊ ညောင်ဦးမှ ရေနံချောင်းမြို့သို့ မော်တော်ယာဉ်ဖြင့်လည်းကောင်း ခရီးဆက်ခဲ့ကြသည်။ ကျွန်မတို့အဖွဲ့ကို အညာနွေက နွေးထွေးအေးချမ်းစွာဖြင့် ကြိုဆိုနှုတ်ခွန်းဆက်ခဲ့ပေသည်။ ယခုခရီးစဉ်မှာ ရေနံချောင်း မြို့သို့ ဒုတိယအကြိမ် မျက်စိအခမဲ့ ကွင်းဆင်းကုသမှု အစီအစဉ်ပင်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ပေးမှုဖြင့် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာတင်ဝင်းနှင့် ပါမောက္ခ ဒေါက်တာကံညွန့်တို့ ဦးဆောင်သည့်အဖွဲ့သည် ၁၉-၃-၂၀၀၇မှ ၂၂-၃-၂၀၀၇အထိ ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသမှုပေးခဲ့ကြသည်။ ၂၀၀၅ ခုနှစ်အတွင်းက ပထမအကြိမ် သွားရောက်ခဲ့သည့် ရေနံချောင်းခရီးစဉ်၏ အောင်မြင်မှုများကြောင့် မြို့လူထုမှာ များစွာအားရ ကျေနပ်နေခဲ့ကြသည်။ ထို့ကြောင့်ပင် ရေနံချောင်းမြို့သူ၊



မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနေစဉ်။

မြို့သားများနှင့် ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်)တို့၏ ထပ်မံတောင်းဆိုမှုများကြောင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က အဆိုပါခရီးစဉ်မျိုး ထပ်မံဆောင်ရွက်ခွင့် ပြုပါရန် ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ကျွန်မတို့အဖွဲ့ကို ထပ်မံသွားရောက်ရန် တာဝန်ပေးအပ်ခဲ့သောအခါ ရင်ထဲမှာ ဖော်မပြနိုင်အောင် ဝမ်းသာဂုဏ်ယူခဲ့မိပေသည်။

“ရေနံချောင်း”ဟူသည့်အသံကို ကြားလိုက်ရုံနှင့်ပင် ကျွန်မ၏ဦးနှောက်က အလုပ်များစွာလုပ်ပြီး နှလုံးသားက ပူနွေးလိုက်လှဲစွာ ခံစားနေရစမြဲပင်။ ထိုအခါ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၏ အခန်းကဏ္ဍကိုလည်း ဖွင့်လှစ်ပြသရပေဦးမည်။ ဆရာတော်နှင့် ကျွန်မတို့၏ ငယ်ဘဝစာမျက်နှာများနှင့်အတူ ဘဝလှေကားထစ်ပေါင်းများစွာကို မဆုတ်မနစ် တက်လှမ်းခဲ့ရသည့် နေ့ရက်များသည် ရေနံချောင်းမြို့လေးမှပင် စတင်အခြေတည်ခဲ့ကြပေသည်။ ဆရာတော်အနေဖြင့် လောကီကျေးဇူးကို အထူးဆပ်ခြင်းဖြစ်သလို ကျွန်မတို့အတွက် ရေခံမြေခံကောင်းနှင့် ကျေးဇူးတရားများစွာ ရှိခဲ့ဖူးသည့်မြို့လေးတွင် ဤမြေ၊ ဤရေ၊ ဤလေတို့နှင့်အတူ တသွေးတသားတည်း ရှင်သန်ခဲ့ကြသူတွေအတွက် မျှဝေခံစားကူညီပေးရမည့် တာဝန်တွေ ရှိနေသည်ဟုလည်း မှတ်ယူထားခဲ့ကြပေသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မိမိတို့၏ ဇာတိရပ်ရွာကို ပြန်လည် ကျေးဇူးဆပ်လိုသူများ၏ ဇာတိစွဲစိတ်ကို ပြသသည့် ပွဲလည်းဖြစ်ပေသည်။

ဤသို့ဖြင့် ကျွန်မတို့အဖွဲ့သည် အတိတ်တစ်ချိန်က **“ဆိပ်သာကွန်းထောက်မြို့”**ဟု ခေါ်တွင်ခဲ့ပြီး အညာမြေ၏တောင်စခန်းမြို့သဖွယ်ဖြစ်နေသည့် ရေနံချောင်းမြို့လေးကို ရောက်ရှိခဲ့ကြခြင်းဖြစ်သည်။

ကျွန်မတို့အဖွဲ့ ရောက်လာကြသည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့မရတနာအသင်း၊ မြို့မိ၊ မြို့ဖများ၊ ရွှေကြာငုံရပ်ကွက်မှ ရပ်ဆွေရပ်မျိုးများအားလုံးတို့က လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။ ရောက်ရောက်ချင်း ညှော်ခံ ကျွေးမွေးသည့် အညာဒေသ အစားအစာများကို အားပါးတရ စားကြပြီးနောက် ထုံးစံအတိုင်း ပြင်ပလူနာကြည့်မည့်သူ၊ ခွဲစိတ်ခန်းဝင်မည့်သူ စသဖြင့် တာဝန်ခွဲဝေကြပြီး လုပ်ငန်းစတင်ခဲ့ကြပါသည်။

ဒေါက်တာစောသွင်မွန်သိန်း၊ ဒေါက်တာမြတ်စုခင် (ပြည်ဆေးရုံ)၊ ဒေါက်တာရီလင်း၊ ဒေါက်တာအောင်မိုးထွန်း၊ ဒေါက်တာသိန်းထွင့်တို့နှင့်အတူ ဆရာမများဖြစ်ကြသော ဒေါ်အေးအေးမြင့်၊ နော်မရှီးထာဦး၊ နော်လွဲကပေါ်၊ ဒေါ်ဝင်းပပ၊ ဒေါ်ယုဝါမောင်တို့က ‘ချမ်းမြေ့ပါစေ’ အဲယားကွန်းဘတ်စ်ဖြင့် တစ်ရက်ကြိုတင်သွားနှင့်ခဲ့ပြီး ခွဲစိတ်ခန်းအတွင်း မိုက်ခရိုစကုတ် တပ်ဆင်ခြင်းနှင့် အခြားလိုအပ်သည်များကို စီစဉ်ထားရုံမက ၁၉ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ပြင်ပလူနာများကို ကြည့်ရှုထားပြီးဖြစ်သဖြင့် ဆရာကြီး ဒေါက်တာတင်ဝင်း၊ ဒေါက်တာ ကံညွန့်၊ ဒေါက်တာ မိုးကျော်နှင့် ကျွန်မတို့ ရောက်လာသည်နှင့် အစစအရာရာ အသင့်ဖြစ်နေခဲ့ကြသည်။

ပြင်ပလူနာကြည့်သည့် နေရာတွင် ထုံးစံအတိုင်း လူအုပ်ကြီးဖြင့် ပြည့်ကျပ်များပြားနေသော်လည်း စည်းကမ်းတကျ ရှိနေခဲ့ကြသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ စနစ်တကျ စာရင်းကောက်ယူခြင်း၊ ရပ်ကွက်၊ ကျေးရွာ မြို့နယ်အလိုက် ကြိုတင်စီစဉ်ထားရှိခြင်း၊ ဆရာဦးကျော်ဝင်း ခေါင်းဆောင်သည့် ကြက်ခြေနီအဖွဲ့က ဆရာဝန်စားပွဲရှိရာသို့ လူနာတစ်ဦးချင်း စနစ်တကျ ဝင်စေခြင်းတို့ကြောင့်ပင် အုတ်အော်သောင်းတင်း ဖြစ်မနေခဲ့ပေ။ ပထမနေ့မှာပင် လူနာပေါင်း ၁၂၀၂ ဦးကို ကြည့်ရှုပေးခဲ့ရာ အတွင်းတိမ် မဖြစ်မနေ ခွဲစိတ်ရမည့် လူနာပေါင်း ၂၀၀ ကျော်ရှိသည်။ သို့ရာတွင် စုစုပေါင်းလူနာ ၃၀၀၀ ကို ကြည့်ရှုပေးပြီး အတွင်းတိမ်လူနာ ၃၀၀ ခွဲစိတ်ပေးသွားမည်ဟု လျာထားစီစဉ်ခဲ့သည်မို့ ဆေးဝါးပစ္စည်းမှအစ အဘက်ဘက်မှ မလိုအောင် ပြည့်စုံစွာ ကြိုတင်စီစဉ်ခဲ့ပြီးဖြစ်သည်။ ခွဲစိတ်ခန်းအတွင်းတွင်လည်း နံနက် ၈ နာရီမှစ၍ မိုက်ခရိုစကုတ်

ခွဲစိတ်ပြီးလူနာများအား အမြင်စွမ်းအား စမ်းသပ်ကြည့်ရှု စစ်ဆေးစဉ်။

လေးလုံးနှင့် လူနာလေးဦးကို တစ်ပြိုက်နက်ခွဲနေခဲ့ပြီး၊ ဆရာဝန်၊ ဆရာမ တက်ညီလက်ညီဖြင့် ရေနံချောင်းမြို့ခံ ဆရာဝန် ဒေါက်တာ သန်းသန်းချစ်၊ ဒေါက်တာ လှမြတ်နွယ်နှင့် ဆရာမလေးများမှာ ဟိုခုတင်ပြေးလိုက် ဒီခုတင် ပြေးလိုက်နှင့် ဆေးထည့်မယ်၊ လူနာတင်မယ်၊ လူနာချမယ်၊ထုံဆေးလေးခတ်ပါဦး၊ ပလတ်စတာကပ်ပါဦးနှင့် တစ်ချက်မျှ မနားရရှာပေ။ ဒီကြားထဲ လူနာများမှာ မျက်စိက မမြင်ရတဲ့အထဲ၊ နားကမကြား၊ အသက်ကကြီး၊ အတွေ့အကြုံကမရှိဆိုတော့ ခွဲစိတ်ခုတင်ပေါ်ရောက်မှ ကုန်းရုန်းထတဲ့သူကထ၊ ခေါင်းတခါခါလည် တခါခါ၊ ပြောလို့မရတဲ့သူကမရ၊ သူငယ်ပြန်ချင်သလို ဖြစ်နေသည့် အမေကြီးတစ်ယောက်မှာ ခုတင်ပေါ်မှာ တဂျီဂျီတအီအီ အသံမျိုးစုံနှင့် နားမခံသာအောင်

> ရေတိမ်ရောဂါကြောင့် မျက်စိနီရဲ၊ ကိုက်ခဲပြီး မှုန်ဝါးလာသည်ကို သာမန်မျက်စိနာသည်ထင်မှတ်ပြီး ဆေးမြီးတိုများဖြင့် ကုသခြင်း၊ နီးရာဆေးဆိုင်မှ စားဆေး၊ မျက်စဉ်းလေးဖြင့်သာ ပြီးလိုက်ခြင်းကြောင့် မျက်စိကျန်းမာရေးအသိ နောက်ကျခဲ့၍ မျက်စိ မကွယ်သင့်ဘဲ ကွယ်ခဲ့ရခြင်းပင်ဖြစ်သည်။

အော်လားအော်ရဲ့၊ သူအော်တာကြားပြီး အခြားအဖွားကြီးတွေကလည်း အားပေးစကားပြောပေးကြနဲ့ ခွဲပေးထားသည့် ဆရာဝန်၊ ဆရာမများ အပျင်းပြေစေပြီး ငိုအားထက် ရယ်အားသန်ဖြစ်ခဲ့ရသေးသည်။ တချို့လူနာတွေကတော့ ဆရာဝန်၊ဆရာမကို စာနာနားလည်ပြီး နည်းနည်းနာတာကိုပင် ကြိတ်မှိတ်အောင့်ခံခဲ့ကြသည်။ အင်းလေ လူဆိုတာအမျိုးမျိုးပေါ့၊ ခံနိုင်ရည်စွမ်းနှင့် အကျိုးပေးဆိုတာ တစ်ဦးနှင့်တစ်ဦး ဘယ်တူနိုင်မလဲ လို့ပြောရင်း ပျော်ရွှင်စွာနဲ့ပဲ အလုပ်လုပ်ခဲ့ကြတာ အတော် ခရီးရောက်ခဲ့ပေသည်။

ထို့ပြင် ကျွန်မတို့ ခရီးစဉ်၏ ထူးခြားမှုတစ်ခုမှာ ယခင်နှစ်များနှင့်မတူဘဲ ချောက်မြို့မှ မျက်စိအထူးကုဆရာဝန် ဒေါက်တာညွန့်ညွန့်လွင်၊ ပြည်မြို့မှ ဒေါက်တာမြတ်စုခင်၊ ကျောက်ပန်းတောင်းမြို့မှ ဒေါက်တာခင်ချိုမာနှင့် ဆရာမလေးပပ၊ လင်းပါရဂူဆေးခန်းမှ သိမ့်သိမ့်တို့ကပါ အင်အားဖြည့် ကူညီပေးခဲ့ကြရာ မျက်စိဆရာဝန်၊ဆရာမများ၏ စည်းလုံးညီညွတ်မှု အင်အားကိုပါ ပြနိုင်ခဲ့ကြသည်။

ထိုမျှမကသေး၊ ရွှေပါရမီတောရ ဆရာတော်နှင့် အလှူရှင်များ၊ ရေနံချောင်းမြို့နယ်အသင်းနှင့် မြို့မိမြို့ဖများ၊ ဆရာဝန်များအားလုံး၏ စစ်မှန်သော စေတနာမေတ္တာတရားတို့ကြောင့် ပေလားမသိ။ တပေါင်း၊ တန်ခူး၊ အညာနွေ ချစ်ချစ်တောက်ပူပြင်းအိုက်စပ်နေမည်ထင်ခဲ့သော်လည်း ကျွန်မတို့ ရောက်သည့်အချိန် မိုးကလေးများအုံ့ကာ သာယာအေးချမ်းနေသည်မို့ ရာသီဥတုကလည်း ကိုယ့်ဘက်မှာရှိနေခဲ့ပြန်သည်။ ခွဲစိတ်ခန်းအတွင်းမှာလည်း လေအေးပေးစက်နှစ်လုံး၊ ရေ၊ မီးအစစ ပြည့်စုံအေးမြနေပြန်တော့ ခွဲစိတ်ရာတွင် ခရီးတွင်လှသည်။ ထို့ကြောင့်ပင် စုစုပေါင်း အတွင်းတိမ် လူနာ ၂၈၈ ဦး၊ အသေးစားခွဲစိတ်မှု ၂၈ ဦး ပေါင်း ၃၁၆ ဦးကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့၍ ခရီးစဉ် အားလုံးအနက် စံချိန်သစ် တင်နိုင်ခဲ့သော ခရီးစဉ်ပင်ဖြစ်သည်။

ပြင်ပလူနာ ၂၅၀၇ ဦးကို ကြည့်ရှုပေးနိုင်ခဲ့သလို လာပြသရွေ့ လူနာတိုင်းအား လိုအပ်သော မျက်စဉ်းများ၊ စားဆေးများကို လှူဒါန်းနိုင်ခဲ့ကြပါသည်။ လာရောက်ပြသသူများမှာ ရေနံချောင်းမြို့နယ်အတွင်းမှ ကျေးရွာများကသာမက အနီးအနားမြို့များဖြစ်သော နတ်မောက်၊မြို့သစ်၊ကုန်းဇောင်း၊ လယ်ကိုင်း၊ ကျောက်ရဲ၊ ကမ္မ၊ စလင်း၊ ပွင့်ဖြူ၊ ဆိတ်ဖြူမြို့နယ်များကပါ လာရောက်ပြသကြသဖြင့် ရေနံချောင်းအသင်း (ရန်ကုန်)၏ နာယကများ ဖြစ်ကြသော လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ဦးကောင်းနှင့် ဥက္ကဋ္ဌ ဦးလှရွှေ၊ ဗိုလ်မှူးဌေးလွင်၊ ဦးမောင်မောင်ထွန်း၊ ဦးစန်းလွင်၊ ဦးတင်မြင့်၊ ဦးမောင်မောင်မြတ်တို့မှာ ဝမ်းသာအားရ ဖြစ်နေခဲ့ကြသည်။

ဤကဲ့သို့ ရေနံချောင်း ခရီးစဉ်ကို ဒုတိယအကြိမ် သွားရောက်ခဲ့ပြီးနောက် လေ့လာတွေ့ရှိရသော အချက်ကို တင်ပြရလျှင် ရေနံချောင်းမြို့နယ်အတွင်း၌ မျက်စိဝေဒနာရှင်များ၊ များပြားလှသလို အတွင်းတိမ်ရောဂါဖြင့် မျက်စိကွယ်သူများအပြင် ရေတိမ်ရောဂါကြောင့် မျက်စိကွယ်နေသူများကိုလည်း အများအပြား တွေ့ရှိရခြင်းဖြစ်သည်။ ထိုလူနာများမှာ မျက်စိတစ်ဖက်က လုံးဝကွယ်နေကြပြီး အခြားတစ်ဖက်ကလဲ အတွင်းတိမ် ဖြူဖွေးနေ၍ လာပြကြခြင်းဖြစ်သည်။ လုံးဝကွယ်နေသော မျက်စိကို စစ်ဆေးကြည့်ရာ ရေတိမ်ရောဂါကို အချိန်မီ မသိရှိလိုက်ဘဲ စက္ခုအာရုံကြော ပျက်စီးယိုယွင်းနေသည်ကို တွေ့ကြရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (၁၅)ကြိမ်မြောက် စုပေါင်းရဟန်းခံနှင့် ရှင်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၁၅)ကြိမ်မြောက် မိသားစု စုပေါင်းရဟန်းခံနှင့်ရှင်ပြု အလှူတော်မင်္ဂလာပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း စိမ်းလဲ့မေလမ်းသွယ်ရှိ စုဝေးဆောင်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီးဒေါ်နီနီဝင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ နာဂလိုဏ်ဂူ ကလေးဝ တောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဇာဂရာဘိဝံသ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော် နာယူကြပြီး ဆရာတော်၊သံဃာတော်များအား ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဇနီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(အပေါ်ယာပုံ)

ထို့နောက် နာဂလိုဏ်ဂူ ကလေးဝ တောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသက လှူဒါန်းမှု အစုစုအတွက် ရေစက်ချတရား ချီးမြှင့်ပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန(၁၅)ကြိမ်မြောက် ဝန်ထမ်း မိသားစုများ၏ စုပေါင်းရဟန်းခံနှင့် ရှင်ပြု အလှူတော်မင်္ဂလာပွဲတွင် ရဟန်းလောင်း ၁၆၇ ပါးနှင့် ရှင်သာမဏေလောင်း အပါး ၄၀ တို့အား ဥပသမ္ပဒကံဆောင် ရဟန်း ဘောင်နှင့် ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေ အဖြစ် သွတ်သွင်း ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မနော‌ရမ္မ ပညာဒါနကျောင်း ဆရာတော်အား ဂုဏာပူဇာမင်္ဂလာ ချီးကျူးပူဇော်ပွဲသဘင်ကျင်းပ

ရန်ကုန် ဧပြီ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အရှေ့ဥယျာဉ်တိုက် မနောရမ္မပညာဒါနကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝါယမိန္ဒအား သဒ္ဓမ္မဇောတိကဓဇ ဂုဏာပူဇာမင်္ဂလာ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ မနောရမ္မပညာဒါနကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(ဝဲပုံ)** (သတင်းစဉ်)

❍ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

ရေတိမ်ရောဂါကြောင့် မျက်စိနီရဲ ကိုက်ခဲပြီး မှုန်ဝါးလာသည်ကို သာမန်မျက်စိနာသည်ထင်မှတ်ပြီး ဆေးမြီးတိုများဖြင့် ကုသခြင်း၊ နီးရာဆေးဆိုင်မှ စားဆေး၊ မျက်စဉ်းဖြင့်သာ ပြီးလိုက်ခြင်းကြောင့် မျက်စိကျန်းမာရေး အသိ နောက်ကျခဲ့၍ မျက်စိ မကွယ်သင့်ဘဲ ကွယ်ခဲ့ရခြင်းပင်ဖြစ်သည်။ တချို့မှာလည်း စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်နေရင်းဖြင့် မြင်ရသေးသည့် မျက်စိတစ်ဖက်ကိုသာ အားကိုးရင်းနေခဲ့ရာမှ လုံးဝမမြင်တော့မှသာ အမှောင်ထဲမှာ ငုတ်တုတ်ထိုင်နေရင်း ကျွန်မတို့ အလာကိုသာ စောင့်မျှော်နေရပါသည်ဟုဆိုရာ ရင်ထဲမှာ စိတ်မကောင်းဖြစ်ခဲ့မိရသည်။ တချို့လူနာများမှာ မနှစ်က မင်းဘူး-မကွေးမှာ ခွဲထားပါတယ်။ အဲဒီဘက်ကို ထပ်ခွဲချင်လို့ပါဆိုသည့် လူနာကိုစမ်းသပ်ကြည့်ရာ ပထမခွဲထားသည့်ဘက်က ရေတိမ်ရောဂါကို ခွဲထားခြင်းဖြစ်ပြီး ကြာလာ၍ အတွင်းတိမ်ဝင်လာသူများ ဖြစ်နေပြန်သည်။ ဤအရပ်ဒေသတွင် ရေတိမ်ရောဂါဝေဒနာရှင် အလွန်များနေကြောင်း သတိပြုမိခဲ့ပါသည်။

ထို့အပြင် ဤဒေသအတွင်းရှိ မျက်စိအမြင်အာရုံ ချို့တဲ့သူများအနက် မျက်မှန်ပါဝါ လိုအပ်သူများ၊ မျက်သားတက်လူနာများ၊ မျက်စိအပြင်တိမ်ဟုခေါ်သော မျက်ကြည်လွှာ အနာရှိသူများ၊ ထိခိုက်ဒဏ်ရာရသူများကိုလည်း တွေ့ရှိခဲ့ရသည်။ မျက်မှန်ပါဝါ လိုအပ်သူများအနက် အနီးမှုန်(အဝေးမြင်)သမားများ၊ တစ်နည်းအားဖြင့် အပေါင်းပါဝါ + ၄.၀၀ + ၅.၀၀ + ၆.၀၀ စသဖြင့် တပ်နေရသူများကို တွေ့ခဲ့ရသလို အတွင်းတိမ်ခွဲစိတ်ရန်(Biometry)စက်ဖြင့် မျက်တွင်းမှန်ပါဝါတိုင်းတာသည့် Alcon ကုမ္ပဏီမှ ကိုဗိုလ်မင်း၏ စာရင်းအရကြည့်လျှင် အများစုမှာ သာမန်ပါဝါထက် ပိုများနေကြသည်ကို တွေ့ရှိရပြန်သည်။

ရေတိမ်ရောဂါတွင် အကြမ်းအားဖြင့် ထောင့်ကျဉ်းရေတိမ်နှင့် ထောင့်ကျယ်ရေတိမ်ဟူ၍ ခွဲခြားထားရာ ထောင့်ကျဉ်းရေတိမ်သည် ရောဂါလက္ခဏာအနေဖြင့် မျက်စိနီရဲလာခြင်း၊ ရုတ်တရက် မှုန်ဝါးလာခြင်း၊ ကိုက်ခဲလာခြင်း၊ တစ်ခါတစ်ရံ အော့အန်ပြီး ဖျားခြင်းတို့ကို ခံစားရသော်လည်း ထောင့်ကျယ်ရေတိမ်မှာမူ ရောဂါလက္ခဏာမပြဘဲ တဖြည်းဖြည်း မသိမသာ မျက်တွင်းဖိအားတက်ကာ စက္ခုအာရုံကြောမကို ထိခိုက်လာပြီး မြင်ကွင်းများ ကျဉ်းသွားပြီးနောက် တဖြည်းဖြည်း မျက်စိကွယ်သွားရခြင်းဖြစ်ပေသည်။ ထောင့်ကျဉ်းရေတိမ်သည် များသောအားဖြင့် အမျိုးသမီးများနှင့် အရှေ့တိုင်းသားတို့၏ မျက်လုံးမျိုးတွင် အဖြစ်များပြီး မျက်လုံးအိမ်၏ တည်ဆောက်ပုံ အနေအထားပေါ်လည်း မူတည်နေပေသည်။ မျက်စိအရှေ့ခန်းကျဉ်းသူများ၊ မျက်ကြည်လွှာအရွယ်အစား သေးငယ်သူများ၊ မျက်လုံးအိမ်သေးသည့်သူများ၊ အထူးသဖြင့် မျက်လုံးအိမ်တိုသည့်သူများတွင် ဖြစ်နိုင်ခြေများသည်ဟု ဆိုထားပါသည်။ မျက်လုံးအိမ်တိုသူများတွင် မျက်စိရှေ့ရှိ အရာဝတ္ထုမှလာသောအလင်းတန်းသည် မျက်စိမှန်ဘီလူးကို ဖြတ်သန်းပြီးနောက် ပုံရိပ်သည် မြင်လွှာ၏နောက်ဘက်တွင် စုဆုံကျရောက်သွားသည့်အတွက် အမြင်အာရုံ ကြည်လင်မှုမရှိနိုင်တော့ပေ။ မြင်လွှာတွင် ကျရောက်မှသာ ကြည်လင်သည့်အမြင်ကို ရနိုင်ပေမည်။ ထို့ကြောင့် ပုံရိပ်သည် မြင်လွှာတွင် စုဆုံကျရောက်နိုင်ရန်အတွက် မျက်လုံးအိမ်တိုသူများအား အပေါင်းပါဝါမှန်ဘီလူးကို တပ်ဆင်ပေးရမည်ဖြစ်သည်။ ကျွန်မဆိုလိုခြင်းမှာ အထက်ကဆိုခဲ့သည့်အတိုင်း အပေါင်းပါဝါများများ တပ်ဆင်နေသော အနီးမှုန်သမားများမှာ အခြားသူများထက် ထောင့်ကျဉ်းရေတိမ် ဖြစ်နိုင်ခြေပိုများသည်ကို ဆိုလိုရင်းဖြစ်ပါသည်။ ထို့ကြောင့် ရေတိမ်ရောဂါကို စောစီးစွာသိနိုင်ရန် မျက်စိဆရာဝန်များထံတွင် အမြင်အားနှင့် မျက်ကွင်းဖိအားကို အသက်(၄၀)ကျော်သူတိုင်း အခါအားလျော်စွာ တိုင်းတာစစ်ဆေးကြဖို့ လိုအပ်လှပေသည်။ ထို့အတူ အနုတ်ပါဝါများများတပ်ရသော အဝေးမှုန်(အနီးမြင်)သမားများမှာလည်း ထောင့်ကျယ်ရေတိမ်ဖြစ်နိုင်ခြေရှိကြောင်း ဗဟုသုတအနေဖြင့် မှတ်သားထားရမည် ဖြစ်သည်။

မည်သည့်ရေတိမ်ရောဂါမျိုးမဆို စောစီးစွာ သိရှိကုသကြမှသာ အမြင်အာရုံ ရာနှုန်းပြည့် ပြန်ရနိုင်မည်ဖြစ်၍ မျက်စိကျန်းမာရေး အသိရှိကြဖို့ အရေးကြီးလှပေသည်။ ကျွန်မတို့အနေဖြင့် ရေနံချောင်းခရီးစဉ်တွင် ရေတိမ်ရောဂါကြောင့် မျက်စိကွယ်နေသူများ၊ ရေတိမ်ရောဂါကို အချိန်မီ မကုသနိုင်၍ အမြင်အာရုံဆုံးရှုံးကြသူများ၊ လက်ရှိရေတိမ်ရောဂါ ခံစားနေရ၍ စားဆေး၊ မျက်စဉ်းများနှင့် ကုသမှုခံယူနေသူများကို တွေ့ခဲ့ရသည်။ ကျွန်မတို့၏ ခရီးစဉ်အတွင်း ရေတိမ်ရောဂါဝေဒနာရှင်များကို ကုသမှုပေးခြင်း၊ ရေတိမ်ရောဂါအကြောင်း ကျန်းမာရေးအသိပေးခြင်းတို့ဖြင့် ကယ်တင်နိုင်ခဲ့ရာ များစွာအားရကျေနပ်မိပေသည်။

ယခုကဲ့သို့ မတ်လ ၁၉၊ ၂၀၊ ၂၁ ရက်များမှာ အောင်မြင်စွာ ခွဲစိတ်ပြီးခဲ့၍ မတ်လ ၂၂ ရက်နေ့ နံနက်ခင်းတွင် စုစုပေါင်းလူနာ ၃၁၆ ဦးကို တစုတစည်းတည်းရှိစေပြီး မျက်စိကိုအုပ်ထားသည့် ဂွမ်းစလေးများကို ဖယ်ရှားခြင်း၊ မျက်စိသန့်ရှင်းရေးပြုလုပ်ခြင်း၊ မျက်စဉ်းများခတ်ခြင်း၊ ဆရာကြီး ဒေါက်တာကံညွန့်၊ ဒေါက်တာတင်ဝင်း၊ ဒေါက်တာမိုးကျော်တို့က ဦးဆောင်ခွဲစိတ်ပြီး အခြေအနေ၊ အမြင်အားတို့ကို စမ်းသပ်ကြည့်ရှုပေးကြပါသည်။ ဆရာကြီးတို့က **'မြင်ရဲ့လားအမေကြီးတို့'** ဆိုသည် နှင့် **'လင်းလိုက်တာတော်' 'မြင်ချက်တော့' 'ဝင်းထိန်နေတာပဲ' 'လင်းချက်ကတော့အေ'**ဆိုတဲ့ ချစ်စရာအညာလေသံတွေက ခွဲစိတ်ပေးခဲ့သော မျက်စိဆရာဝန်များ၏ရင်ကို အေးမြစေခဲ့ပါတော့သည်။ ပင်ပန်းသမျှတွေ လွင့်စဉ်ကွယ်ပျောက်ခဲ့ရပေသည်။ ယင်းတို့မှာ ကျွန်မတို့ ရရှိခဲ့သည့် အဖိုးအခများပင်ဖြစ်ပါသည်။

ထို့နောက် တာဝန်ရှိသူများနှင့် အလှူရှင်များက နေကာမျက်မှန်များ တပ်ဆင်ပေးခြင်း၊ မျက်စဉ်းများ ပေးလှူခြင်းအပြင် ရေနံချောင်းမြို့နယ် အသင်း(ရန်ကုန်)က လူနာတစ်ဦးလျှင် ကျပ်နှစ်ထောင်စီ လှူဒါန်းခဲ့ကြပါသည်။ ဤခရီးစဉ်အတွက် လိုအပ်သောဆေးဝါးပစ္စည်းများ၊ ကုန်ကျစရိတ်အဝဝကို ရွှေပါရမီတောရဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများ၊ ရေနံချောင်းအသင်း(ရန်ကုန်)၊ ဦးရွှေဝင်း-ဒေါ်မျိုးမျိုးနွယ်ထွန်းမိသားစု၊ ရေနံချောင်းမြို့ ရွှေနဂါးစက်မှုလက်မှုလုပ်ငန်းပိုင်ရှင် ဦးရဲမြင့်-ဒေါ်ဝင်းမော်ထွန်းမိသားစု၊ ALCON၊ Ashford(စန်းလမင်း) Co., Ltd., KTZ Co.,Ltd. နှင့် United Pharma ဆေးကုမ္ပဏီများက ပါဝင်လှူဒါန်းခဲ့ကြခြင်းဖြစ်ပေသည်။

ထို့နောက်တွင် ခွဲစိတ်ပြီးနောက် ရှောင်ရန်၊ ဆောင်ရန်များနှင့် မျက်စိကျန်းမာရေးပညာပေးကို ကျွန်မက ဟောပြောပြီးနောက်မှာတော့ ခရီးစဉ်တစ်ခု၏ အောင်မြင်မှုကို ဆင်ခြင်သုံးသပ်နေမိပေသည်။ ယခုကဲ့သို့ ခရီးစဉ်တစ်ခု အောင်မြင်ရန်မှာ တစ်ဦးတစ်ယောက်တည်း တော်နေ၊ ကောင်းနေရုံဖြင့်မပြီးဘဲ စုပေါင်းအားဖြင့်သာ အောင်မြင်မှု ရခဲ့ခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ ခရီးစဉ်များကို စီစဉ်ခဲ့ရသည့် ရည်ရွယ်ချက်မှာ ကျန်းမာရေး ဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ခြင်းဖြစ်ပြီး တတ်သိပညာရှင်များအနေဖြင့် မိမိတို့၏ စေတနာအလျောက် ကျေးလက်မြို့ရွာများသို့ ကွင်းဆင်းကုသကြခြင်းဖြင့် ပြည်သူတို့၏ အလင်းတံခါးကို ဖွင့်လှစ်ပေးကြခြင်းသာဖြစ်ပါသည်။ ကျွန်မတို့ ဆရာကြီး ပါမောက္ခ ဒေါက်တာကံညွန့် ပြောခဲ့သည့် စကားတစ်ခွန်းကိုလည်း ဖော်ပြချင်ပါသေးသည်။ "ကျွန်တော်တို့သာ မခွဲပေးလိုက်ရင် ဒီလူတွေဟာ မျက်မမြင်ဘဝနဲ့ပဲ ဘဝဆုံးသွားကြမှာပဲ။ ဒါကြောင့် ဒီခရီးစဉ်မျိုး မြန်မာနိုင်ငံမှာ များများလုပ်ဖို့ လိုပါတယ်"ဟူ၍ ဖြစ်ပါသည်။

မကွေးဆရာတော်ကြီး၏ တရားသံကိုလည်း ကြားယောင်လိုက်မိပါသည်။

"အလှူတကာ့ အလှူတွေအနက်မှာ သူတကာတွေ မပေးလှူနိုင်တဲ့ အလှူတွေရှိတယ်။ အခုလို မျက်စိအလင်း အလှူမျိုးကတော့ လူတိုင်း လှူလို့မရနိုင်ပေဘူး။ မိမိတတ်ကျွမ်းထားတဲ့ ပညာတွေနဲ့ လူသားတွေရဲ့ စက္ခုအလင်းပြန်ရအောင် ခွဲစိတ်ကုသပေးခဲ့ကြတာ မြတ်သော အလှူဖြစ်သလို လူတကာ မလှူနိုင်ပါဘူး။ ဒါကြောင့် ရရှိမယ့်အကျိုးကလည်း သူတကာမရရှိနိုင်တဲ့ အရာတွေ ခံစား၊ စံစားရမှာဖြစ်တယ်။ 'ဓမ္မစက္ခု' ဆိုတဲ့ မဂ်ဉာဏ်အလင်းကို ရရှိနိုင်တယ်။ မဂ်ဉာဏ်အလင်း ဆိုတာ အမြတ်ဆုံးသော သောတာပတ္တိမဂ်ဉာဏ်ဖြစ်ပြီး ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် ဖြစ်ပါတယ်" ဟု ဆိုသည်။

သံသရာရထားကြီးပေါ်မှာ လိုက်ပါနေကြသော ကျွန်မတို့ အားလုံးသည် ကိုယ်နိုင်သည့် လောကီဝန်ကို ထမ်းရင်း ကိုယ့်လမ်းကိုယ် ဆက်လျှောက်ကြရန် အားအင်တွေပြည့်ဝလာခဲ့ရပေသည်။

ကျွန်မတို့အဖွဲ့အား တိုက်ရိုက်ညွှန်ကြားစေလွှတ်ခဲ့သော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ကျွန်မတို့အဖွဲ့အတွက် လိုလေသေးမရှိ စီစဉ်ပံ့ပိုးပေးခဲ့သော မျက်စိအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာကျင်စန်းရင်၊ ရေနံချောင်းမြို့ ခေတ္တဆေးရုံအုပ် ဒေါက်တာမေဖြူထိုက်နှင့် ဆေးရုံဝန်ထမ်းများ၊ ရေနံချောင်းအသင်း(ရန်ကုန်)နှင့် အလှူရှင်များ အားလုံးကိုလည်းကောင်း၊ မြို့မရတနာအသင်းနှင့် ရွှေကြာငုံရပ်ကွက်မှ ရပ်ဆွေရပ်မျိုး အားလုံးကိုလည်းကောင်း ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

အပြန်လမ်းတွင် အောင်မြင်မှု ပီတိများကိုရင်ဝယ်ပိုက်ကာ ပြန်လာခဲ့ပါသည်။ ကျွန်မတို့အား ချစ်ခင်အားကိုး တန်ဖိုးထားကြသော လူအုပ်ကြီးကို ထားရစ်ခဲ့ရပါပြီ။ ထိုအချိန်တွင် ကျွန်မသည် အလင်းတောက်ကောင်းကင်အောက်က အလင်းရှင်တို့၏အောင်ပွဲကို လှိုက်လှိုက်လှဲလှဲ ခံစားမိရင်း အဖြူရောင်အလင်းတန်းတို့၏ သဘောကိုတွေးတောနေမိပါသည်။ အဖြူရောင်အလင်းတန်းတစ်ခု ဖြစ်လာရန်အတွက် သက်တန့်ရောင်စဉ်ခုနစ်သွယ် ပေါင်းဆုံစုစည်းမှုသာ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရသကဲ့သို့ ကျွန်မတို့အားလုံး၏ စုပေါင်းညီညွတ်မှုများက သက်တန့်ရောင်ခုနစ်သွယ်လို ပူးပေါင်းညီညာခဲ့ကြ၍သာ ဖြူစင်ရှင်းသန့်သည့် အလင်းတန်းများအဖြစ် သဘာဝလောကကြီးကိုသာမက စကြဝဠာ တိုက်တစ်သောင်းထိ လင်းလက်ဖြာဝေစေခဲ့ရပြီဖြစ်ပါတော့သည်။ **(ဩော်-ရေနံမြေ၌ ဒုတိယအကြိမ် အလင်းပန်းပွင့်ခဲ့ပါပြီတကား)။** ။

✳ ကာကွယ်ရေးဝန်ကြီးဌာနမှ

တောင်ငူမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်ငူမြို့နယ် ကေတုမတီမြို့ရှိ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကေတုမတီဘက်စုံသီးနှံစိုက်ကွင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကေတုမတီဘက်စုံ သီးနှံစိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးပြုံးချိုက ရန်ကုန်–မန္တလေး ကားလမ်းအရှေ့ဘက် စစ်တောင်းမြစ်ကြားဒေသအတွင်း အမြဲစိမ်းလန်းစိုပြည်စေရေးနှင့် စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးနိုင်ရေး အတွက် ကေတုမတီဘက်စုံစိုက်ကွင်း ဖော်ထုတ်ခဲ့မှု အခြေအနေ၊ မြေလွတ် မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် မြေယာတိုးချဲ့ ဖော်ထုတ်ပြီးစီးမှု အခြေအနေနှင့် စပါး၊ ကြံ၊ ခြံစည်းရိုးကြက်ဆူပင်၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ သီဟိုဠ်နှင့် ထန်းစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စိုက်ပျိုးမြေ တိုးချဲ့ ဖော်ထုတ်နိုင်သည်နှင့်အညီ စပါး၊ ကြံနှင့် စီမံကိန်းဝင်သီးနှံများ တိုးတက် စိုက်ပျိုးနိုင်ရန် တောင်သူများအား ပံ့ပိုးကူညီ ဆောင်ရွက်သွားကြရေး မှာကြားပြီး ရေဖိအားမြှင့် အလိုအလျောက် ရေတင်စနစ်ဖြင့် ကြံစိုက်ခင်းများသို့ ရေပေးသွင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါ ရေဖိအားမြှင့် အလိုအလျောက် ရေတင်စနစ်သည် တစ်နာရီလျှင် ရေ ၆၂၄ ဂါလန်နှုန်းဖြင့် စိုက်ကွင်းများသို့ ရေပေးနိုင်ကြောင်း သိရှိရသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အထွက်ကောင်းမျိုး အထူးစံပြကွက်တွင် ဖြစ်ထွန်းအောင်မြင်နေသော ကြံမျိုးပွားစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အထွက်ကောင်းကြံမျိုးများကို မျိုးပွားကာ တောင်သူများထံ ဖြန့်ဝေ၍ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းအောင်မြင်နေသော ကြံစိုက်ခင်းများကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သိန်းရွှေမိသားစု ပို့ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်၏ မြေလွတ်မြေရိုင်း ဖော်ထုတ်စိုက်ပျိုးရေးစီမံကိန်းရှိ စိုက်ပျိုးမြေဧက ၁၅၀ ဖော်ထုတ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစိုးရနည်းပညာကောလိပ်(တောင်ငူ) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တည်ဆောက်ရေး စီမံကိန်းအင်ဂျင်နီယာ ဦးဌေးအောင်က ပင်မအဆောက်အအုံ ဆောက်လုပ်နေမှုဆိုင်ရာ အခြေအနေများကို လည်းကောင်း၊ ကျောင်းအုပ်ကြီး ဒေါက်တာ ဇာနည်လင်းက သင်ကြားစီမံ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် သတ်မှတ်ချိန်အမီ ပြီးစီးရေး၊ သပ်ရပ်လှပခံ့ညားရေရှည်ခိုင်ခံ့သည့် အဆောက်အအုံဖြစ်ရန် အထူးဂရုစိုက် တည်ဆောက်သွားရန် မှာကြားပြီး ကောလိပ် ပင်မစာသင်ဆောင် တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာအနီးရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ပဲခူးတိုင်းအတွင်း နွေစပါးစိုက်ပျိုးနိုင်မှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်အတွင်း ၂၀၀၆–၂၀၀၇ခုနှစ် နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဆွာချောင်းတမံမှ ရရှိသည့် ရေများအား အဓိကထားပြီး လျှပ်စစ်မြစ်ရေတင်၊ ချောင်းပိတ် အင်း/အိုင် စသည့် ရေရရှိရေး နည်းလမ်းများဖြင့် နွေစပါးစိုက်ပျိုးနိုင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်တင်ပြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပန်းတိုင်အထွက်နှုန်း ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေး၊ ဆွာချောင်းတမံရေကို အကျိုးရှိစွာ အသုံးချရေး မှာကြားပြီး နွေစပါးစိုက်ခင်းများ၌ တောင်သူများက ဓာတ်မြေဩဇာ ကြဲပက်နေမှု၊ တမန်းနှီးပေါင်းလိုက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆွာမင်းလမ်းကျေးရွာအနီး တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းအောင်မြင်နေသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုအားပေးကြပြီး တောင်ငူမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

❀ နိုင်ငံတော်မှ

ပင်မတံတား အရှည် ၁၃၆၅ ပေ၊ ဝေါဘက်ကမ်း ချဉ်းကပ်တံတား အရှည် ၇၈၃ ဒသမ ၆ ပေ၊ ကျိုက်ထိုဘက်ကမ်း ချဉ်းကပ်တံတား အရှည် ၂၄၄ ဒသမ ၆ ပေ စုစုပေါင်း တံတားအရှည် ၂၃၉၂ ဒသမ ၇ ပေနှင့် ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေအကျယ်စီ တည်ဆောက်ထားရှိမှု၊ တံတားအောက် ရေလမ်း ကင်းလွတ်နယ်မြေကို အကျယ် ၂၀၅ ပေ၊ အမြင့် ၁၉ ဒသမ ၅ ပေထားရှိပြီး ယာဉ် ခွင့်ပြုအလေးချိန်တန် ၆၀ ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားရှိမှု အခြေအနေ၊ ချဉ်းကပ်လမ်းများ တည်ဆောက်ဖောက်လုပ်ထားရှိမှု အခြေအနေ၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ရွှေကျင်မြို့နယ်တို့ကို ဆက်သွယ်၍ ကျုံမကူးချောင်းအား ဖြတ်ကျော်ဆောက်လုပ်ထားသည့် ဝင်းကတံတားကို အရှည်ပေ ၂၀၀၊ အကျယ် ၁၂ပေ၊ ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ ၆၀၊ အမြင့် သုံးပေနှင့် ယာဉ်ခွင့်ပြုအလေးချိန် ၅ တန် ခံနိုင်ရည်ရှိအောင် တံတားကို တစ်လွှာတစ်ထပ် ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်းအဖြစ် တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စစ်တောင်းတံတား (မုပ္ပလင်)နှင့် လမ်းပိုင်းသည် မူလစစ်တောင်းတံတားကူး လမ်းထက်စာလျှင် လေးမိုင်ခန့် ပိုမိုတိုတောင်းသွားမည်ဖြစ်ပြီး တံတား၏ကြံ့ခိုင်မှုကြောင့် မော်တော်ယာဉ်များက အားထား၍ ကူးသန်းဖြတ်ကျော်ကြမည်ဖြစ်ကြောင်း၊ တံတားကြီးအနီး၌ ယာဉ်ရပ်နားစခန်းများ၊ အရောင်းဆိုင်ခန်းများ စသည်ဖြင့် စည်ကားသိုက်မြိုက်လာအောင် စနစ်တကျ စီမံချက်ချ၍ စီစဉ်ကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် စစ်တောင်းတံတား (မုပ္ပလင်)ပေါ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တံတား၏ ပဲခူးတိုင်းဘက်ခြမ်း ချဉ်းကပ်လမ်းကို အပိုင်းလိုက် ကျောက်ခင်းခြင်း၊ လမ်းသားခိုင်ခံ့အောင် စက်ယန္တရားများဖြင့် တည်ဆောက်ခြင်း၊ ကတ္တရာခင်းရန် စီစဉ်ဆောင်ရွက်နေခြင်းတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ ပဲခူးတိုင်း ညောင်ခါးရှည်မြို့သို့ ဆက်သွယ်ထားသော လမ်းဆုံနေရာ၌ လမ်းပိုင်းနှင့် ပတ်ဝန်းကျင်ဒေသ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်ဘက်ခြမ်းသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး လမ်းပိုင်းရှိ ရထားခုံးကျော်တံတား တည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စစ်တောင်းတံတား (မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်းမှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး ရန်ကုန်–မြိတ်ကားလမ်းမကြီး လမ်းဘေးဝဲ/ယာ၌ ရော်ဘာစိုက်ခင်းများ၊ ရော်ဘာခြံကြီးများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရန်ကုန်–မြိတ် ကားလမ်းမကြီးအတိုင်း သထုံမြို့သို့လည်းကောင်း၊ သထုံမြို့မှ သထုံ–ဘားအံ ကားလမ်းအတိုင်း ထွက်ခွာကြပြီး ကရင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဘားအံမြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနမှ နိုင်ငံတော်သံစုံတီးဝိုင်းနှင့် Cambridge University မှ ဂီတပညာရှင်များ ပူးပေါင်းစီစဉ်တင်ဆက်သည့် ကမ္ဘာကျော်ဂီတပညာရှင် Frank Joseph Haydn (၁၇၃၂–၁၈၀၉)၏ (၂၇၅)နှစ်မြောက် မွေးနေ့အမှတ်တရ ဂန္ထဝင်ဂီတဖျော်ဖြေပွဲကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး နားသောတဆင်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သံစုံတီးဝိုင်းနှင့် ကိန်းဘရစ်ချ်တက္ကသိုလ်မှ ဂီတပညာရှင်များ ပူးပေါင်းစီစဉ် တင်ဆက်သည့် ဂန္ထဝင်ဂီတဖျော်ဖြေပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁

ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းနှင့် Cambridge University မှ ဂီတပညာရှင်များ ပူးပေါင်းစီစဉ်တင်ဆက်သည့် ကမ္ဘာကျော် ဂီတပညာရှင် Frank Joseph Haydn (၁၇၃၂–၁၈၀၉)၏ (၂၇၅)နှစ်မြောက် မွေးနေ့အမှတ်တရ ဂန္ထဝင်ဂီတဖျော်ဖြေပွဲကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ဂန္ထဝင်ဂီတ ဖျော်ဖြေပွဲသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် သံရုံးအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂီတပညာရှင်ကြီးများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည့်ရှု အားပေး နားသောတဆင်ကြသည်။

တီးခတ်ဖျော်ဖြေ

အဆိုပါ ဖျော်ဖြေပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းနှင့် တွဲဖက်၍ Fellow of St.Catharine's College, Cambridge University မှ ဂီတပညာရှင်များဖြစ်ကြသော Director of Music and Lecturer Dr. Edward Wickham နှင့် Senior Member of Music Society Dr. Sean O'Harrow တို့က ကမ္ဘာကျော် ဂီတပညာရှင် Frank Joseph Haydn ၏ ဂန္ထဝင်တေးသီချင်းများဖြင့် တီးခတ်ဖျော်ဖြေကြသည်။

ဂန္ထဝင် ဂီတဖျော်ဖြေတင်ဆက်ပွဲ အပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက Cambridge University မှ ဂီတပညာရှင်များဖြစ်ကြသည့် Dr. Edward Wickham နှင့် Dr. Sean O'Harrow တို့အား ဂုဏ်ပြုပန်းခြင်း လက်ဆောင်ပေးအပ်သည်။

ထင်ရှားကျော်ကြား

ကမ္ဘာကျော်ဂီတပညာရှင် ဩစတြီးယားနိုင်ငံသား ဖရန့်ဂျိုးဇက်ဟေဒင် (၁၇၃၂–၁၈၀၉)သည် Symphony Music ၏ ဖခင်ဖြစ်ပြီး ဂန္ထဝင်မြောက် ဆင်ဖိုနီ သံစုံတီးဝိုင်းဖွဲ့သည့် စနစ်တို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သူဖြစ်ကာ ၎င်း၏ The Surprise Symphony နှင့် The London Symphony တို့မှာ အထူးထင်ရှားကျော်ကြားသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် မိုးညှင်းယောဂီ ဒေါ်သန်းတင်၏ မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးကျော်ဌေးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်ချုပ်သာအေး မော်လိုက်မြို့ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ တက်ရောက် ကလေးဝ-မော်လိုက်လမ်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၂ရက် နံနက်ပိုင်းတွင် မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးပွဲသို့ တက်ရောက်ရာ မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တို့က ၂၀၀၇ ခုနှစ်အတွက်ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့ကို သတ်မှတ်နေရာ၌ ပျိုးထောင်ပေးပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့များ ပျိုးထောင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကလေးဝ-မော်လိုက်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းတစ်လျှောက်၌ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် စစ်သည်များအား စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

မှာကြားဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးသည် ကလေးဝ-မော်လိုက်လမ်း မိုင်တိုင်အမှတ်(၁၉/၇)ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တာဝန်ရှိသူများက ကလေးဝ-မော်လိုက်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီးတိုင်းမှူးကလုပ်ငန်းလိုအပ်ချက်များကိုမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးသည် မိုင်တိုင် (၁၀/၃) နှင့် (၁၀/၄)အကြားရှိ လမ်းဖြစ်တာဖြစ်တည်ဆောက်ခြင်းနှင့် ရေပိုက်လွှဲမြောင်းတူးခြင်းလုပ်ငန်း ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကလေးဝမြို့သို့ ရောက်ရှိ၍ ဌာနဆိုင်ရာ စုပေါင်း ပျိုးဥယျာဉ်၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲသို့ တက်ရောက်အားပေးကာ ပါဝင်စိုက်ပျိုးပေးကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

❐ ကျောဖုံးမှ

အတိတ်သမိုင်းကို လေ့လာတွေ့ရှိရသည်နေရာမှာ ဩစတြေးလျတိုက် အရှေ့တောင်ပိုင်းရှိ လိုဏ်ဂူများဖြစ်သည်။ ယင်းလိုဏ်ဂူများသည် အဒီလိတ်မြို့၏ အရှေ့တောင်ဘက် ၁၈၆မိုင်အကွာတွင် တည်ရှိသည်။ လိုဏ်ဂူများမှာ ကျောက်ဖြစ်ရုပ်ကြွင်းများဖြင့် ပြည့်နှက်လျက်ရှိသည်။

ဩစတြေးလျနိုင်ငံ ပါ့သ်မြို့အနောက် ဩစတြေးလျပြတိုက်မှ ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်တစ်ဦး ဦးဆောင်သည့် သုတေသီများသည် ကျောက်ဖြစ်ရုပ်ကြွင်းများကို စုဆောင်းခြင်း၊ အမျိုးအစားခွဲခြားခြင်းနှင့် သက်တမ်းစိစစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ယင်းကျောက်ဖြစ်ရုပ်ကြွင်းများသည် နှစ်ပေါင်း ၅၀၀၀၀၀က သမိုင်းကြောင်းနှင့် ပတ်သက်နေကြောင်း တွေ့ရှိခဲ့ရသည်။

၆၂ မျိုးပါဝင်

သုတေသီများတွေ့ရှိခဲ့သည့် အရိုးများမှာ နို့တိုက်သတ္တဝါမျိုးစိတ် ၆၂မျိုးတွင် ပါဝင်သည်။ ယင်းသတ္တဝါအများစုသည် မြေပြင်ပေါ်ရှိ ချိုင့်ခွက်များ၊ တွင်းများမှတစ်ဆင့် လိုဏ်ဂူများထဲသို့ ပြုတ်ကျခဲ့ကြသည်။ ဇီးကွက်များက အချို့ တိရစ္ဆာန်များကို ဖမ်းဆီးပြီး လိုဏ်ဂူများထဲသို့ သယ်ယူလာခဲ့သည်။

ယခင်အခါက သိပ္ပံပညာရှင်များသည် ဒေသတွင်းရှိဥတုရာသီပြောင်းလဲမှု သမိုင်းကို ဆက်စပ်ယူရန် ကျောက်ခက်ပန်းဆွဲများကို အသုံးပြုခဲ့ကြသည်။ စိုစွတ်သည့်ရာသီတွင် ကျောက်ခက်ပန်းဆွဲမှ ရေတစ်စက်တစ်စက်ကျလာပြီး ခြောက်သွေ့သည့် ရာသီတွင် ရပ်တန့်သွားသည်။

လွန်ခဲ့သည်နှစ်ပေါင်း ၅၀၀၀၀၀က လိုဏ်ဂူများအတွင်းရှိ နို့တိုက်သတ္တဝါမျိုးစုံ၏ အရေအတွက်မှာ ခြောက်သွေ့သည့် ရာသီတွင်သာ လျော့နည်းသွားကြောင်း၊ စိုစွတ်သည့် ရာသီတွင် တိရစ္ဆာန်များ ပြန်လည်ရောက်ရှိလာကြောင်း ပါ့သ်မြို့မှ သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။

လွန်ခဲ့သည် နှစ်ပေါင်း ၅၀၀၀၀နှင့် ၄၅၀၀၀အကြားတွင် ရာသီဥတုအကြီးအကျယ် ပြောင်းလဲမှုမရှိသော်လည်း ဩစတြေးလျတိုက်ရှိ သတ္တဝါအများအပြား ပျောက်ကွယ်ခဲ့သည်။

အင်တာနက်။

ထူးခြားသည့် နေ့အပူချိန်များ

၁-၄-၂၀၀၇

မင်းဘူး	–	**၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒီဂရီဖာရင်ဟိုက်)**
မကွေး	–	**၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒီဂရီဖာရင်ဟိုက်)**
နေပြည်တော်နှင့် ပျဉ်းမနား	–	**၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)**
ရန်ကုန်	–	**၃၉ ဒီဂရီစင်တီဂရိတ် (၁၀၃ ဒီဂရီဖာရင်ဟိုက်)**

ထိုင်းနိုင်ငံပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ အင်းတကော် ကျေးလက်ကျန်းမာရေးဌာနနှင့် ကမ္ဘောဇသာဒီ ရွှေနန်းတော်လေ့လာ

ရန်ကုန် ဧပြီ ၁

ပဌမအကြိမ် မြန်မာ-ထိုင်းနှစ်နိုင်ငံ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် ဆွေးနွေးပွဲသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Mngkol Na Songkhla နှင့် အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၉နာရီခွဲတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် ကျေးလက် ကျန်းမာရေးဌာနသို့ သွားရောက်၍ ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား အင်းတကော်ကျေးလက် ကျန်းမာရေးဌာန သင်တန်းခန်းမ၌ ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးအောင်က တိုင်း၊ ခရိုင်၊ မြို့နယ် ကျေးလက်ကျန်းမာရေး ဖွဲ့စည်းပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်စိန်က အင်းတကော် ကျေးလက်ကျန်းမာရေးဌာန၏ပထဝီဝင်အနေအထား၊ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေးကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ကျန်းမာရေး လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးနှင့် အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာစံရွှေဝင်းတို့က ဖြည့်စွက်ရှင်းလင်းပြောကြားကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးသည် အခြေခံ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာ ကျန်းမာရေးကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းနှီးစွာ တွေ့ဆုံ၍ အခြေခံကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှုများကို ရင်းနှီးစွာ ဆွေးနွေးသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးအား ကမ္ဘောဇသာဒီ နန်းတော်ပုံ ပန်းချီကား လက်ဆောင်ပေးအပ်ရာဧည့်သည်တော်ဝန်ကြီးက အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးသည် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ ကျေးလက်ကျန်းမာရေးဌာနရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ဧည့်သည်တော်ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ ကမ္ဘောဇသာဒီ နန်းတော်သို့ သွားရောက် ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးက လက်မှတ်ရေးထိုးသည်။ ယင်းနောက် ဧည့်သည်တော် ကျန်းမာရေး ဝန်ကြီးနှင့်အဖွဲ့အား ရှေးဟောင်း သုတေသန ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်ခင်က ဘုရင့်နောင်မင်းတရားကြီး ဟံသာဝတီ နေပြည်တော်နှင့် သမိုင်းကြောင်း၊ နန်းတော် တည်ဆောက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ဧည့်သည်တော် ကျန်းမာရေးဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘောဇသာဒီ ရွှေနန်းတော်၊ ဘမရာသနပလ္လင်တော်ဆောင်နှင့်ရှေးဟောင်း သုတေသန ပြတိုက်ရှိ ရုပ်ပွားတော်များနှင့် ရှေးမြန်မာဘုရင် လက်ထက် အနုပညာလက်ရာများကို လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ကြည်ညို၍ ပန်း၊ ဆီမီးများ ကပ်လှူပူဇော် ကန်တော့ကြသည်။ မွန်းလွဲပိုင်းတွင် ပဲခူးမြို့မှ ပြန်လည် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ နောင်တော်ကြီး စေတီမှ

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေး ဗဟိုကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ရေစက်ချမင်္ဂလာ အခမ်းအနားမစတင်မီ နံနက် ၅နာရီခွဲတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် အရှင်သူမြတ်များက နောင်တော်ကြီး စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် နောင်တော်ကြီးစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချ မင်္ဂလာအခမ်းအနားကို နံနက် ၆နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နောင်တော်ကြီး စေတီတော်နှင့် အရံစေတီတော် ၂၄ဆူ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းလုပ်ငန်း ပြီးမြောက်အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ရေစက်ချအနုမောဒနာအခမ်းအနား ကျင်းပရခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက ဇယမင်္ဂလာ အနုမောဒနာ စာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော် ဩဝါဒါစရိယ ခြောက်ထပ်ကြီးဘုရားကြီးတိုက် သီဟိုဠ်ဦးတိုက်ကျောင်းပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော် ဩဝါဒါစရိယ သီဟိုဠ်ဦးတိုက်ကျောင်း ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဩဝါဒါစရိယ နိုင်ငံတော် ဩဝါဒါစရိယ သီဟိုဠ်ဦးတိုက်ကျောင်းဆရာတော်ကြီးထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊မြို့တော်ဝန်နှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဒုတိယရုံးအဖွဲ့မှူး ဦးထွန်းရွှေက ကိုယ်တိုင် ရေးစပ်ထားသော အောင်ဩဘာစာတမ်းကို ဖတ်ကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၁၅	၂။	**တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၉	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၈။	မိုးယွန်းကြီးရေထိန်းတံခါး
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Grammar Made Easy.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	Practice In Reading.
၄း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၀	၅။	အကပဒေသာ
၅း၁၀	၆။	မြန်မာစာ၊ မြန်မာစကား
၅း၂၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၅း၃၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၅း၄၀	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၅၀	၁၀။	**“ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ” (ဆုပန်ထွာ၊ ပွင့်၊ ဂွမ်းပုံကြီး) (ဒါရိုက်တာ-ကြည်စိုးထွန်း)**
၆း၀၀	၁၁။	ညနေခင်းသတင်းများ
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၅၅	၁၄။	လှပခံ့ညား ဖျာပုံတံတား
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သစ္စာ ဘဝပင်ခြားသော်လည်း” (အပိုင်း-၈)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ “တကယ်သဘောကျတယ်” (အပိုင်း-၃၄)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

နေပြည်တော်တွင် ယာဉ်လိုင်းများတိုးချဲ့ပြေးဆွဲနိုင်ရေး ဆောင်ရွက်မည် သတ်မှတ်နှုန်းထက်ကျော်လွန်တောင်းခံသော ယာဉ်လိုင်းများကို အရေးယူသွားမည်ဖြစ်

နေပြည်တော် ဧပြီ ၁

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၉/၂၀၀၇) အစည်းအဝေးကို မတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း မြို့နယ်များမှ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက နေပြည်တော်ဒေသအတွင်း ပြည်သူများလွယ်ကူ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရေးအတွက် ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲသွားနိုင်ရေး ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ကြောင်း၊ ယာဉ်စီးခနှုန်းထားများကိုလည်း သတ်မှတ်နှုန်းထားများ အတိုင်းသာ ကောက်ခံသွားရန်နှင့် သတ်မှတ်နှုန်းထားများထက် ကျော်လွန်၍ တောင်းခံသော ယာဉ်လိုင်းများနှင့် သတ်မှတ်ခရီးသည်ထက်ပိုမိုတင်ဆောင်သော ယာဉ်လိုင်းများအား စိစစ် အရေးယူသွားမည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆောင်ရွက်မှုများကို ပိုမိုထိရောက် အောင်မြင်စေရန်အတွက် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ ဗီဒီယိုရုံများ၌ ဗီဒီယိုမပြသမီ ယာဉ်စည်းကမ်းပညာပေးဇာတ်လမ်းများ ပြသသွားရေး အလေးအနက်ထား ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် ယခင်အစည်းအဝေး မှတ်တမ်းအား ဖတ်ကြားတင်ပြပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အရေးယူ ဆောင်ရွက်မှု အခြေအနေများနှင့် ယာဉ်တိုက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက တစ်ပတ်အတွင်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးက ယာဉ်တိုက်မှု၊ သေဆုံးမှု၊ ဒဏ်ရာရရှိမှုများလျော့နည်းသည်ထက် လျော့နည်းအောင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့်လုပ်ဆောင်သွားရေး ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများ၊ ဆိုင်ကယ်သုံးယောက်စီးသူများအား ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားရေး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာနေ ဦးကျင်း-ဒေါ်ချောစုမြတ် သားမောင်သီဟသူကျင်း မိသားစုက ဒုတိယအကြိမ် ငွေကျပ် ၂၅သိန်းကို ကျောင်းထိုင်ဆရာတော်ရှေ့မှောက်၌ ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဦးထွန်းကြည် လက်ခံစဉ်။ (၅၃၅)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ကံထူးရှင်ရွေးချယ်ပွဲ ပျော်ပွဲရွှင်ပွဲနှင့် စတုဒိသာကျွေးမွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ကံထူးရှင်ရွေးချယ်ပွဲ၊ ပျော်ပွဲရွှင်ပွဲဈေးပွဲခင်းနှင့် စတုဒိသာကျွေးမွေးပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှု ဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ပထမဆုမဲငါးမဲ၊ ဝန်ကြီး၏ ဇနီး ဒေါ်ခင်ခင်ရီက ဆုမဲငါးမဲနှင့် အထူးဧည့်သည်တော်များက ကွန်ပျူတာနှိပ်၍ ဆုမဲများကို ရွေးချယ်ပေးသည်။

ယင်းနောက် ဝန်ကြီးဦးအောင်သောင်း၊ ဇနီးနှင့်အထူးဧည့်သည်တော်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိဦးစီးဌာနနှင့် လုပ်ငန်းအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများသည် လုပ်ငန်းဌာန အသီးသီးမှ စတုဒိသာကျွေးမွေးနေမှုများကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၁) စက်မှုဝန်ကြီးဌာနဘေးရှိ ကားဝင်းအတွင်း၌ ဖွင့်လှစ်ရောင်းချနေသော စားသောက်ကုန်ပစ္စည်းများ၊ အထည်အလိပ်ပစ္စည်းများ၊ စတီးနှင့် အိမ်သုံးပစ္စည်းအမျိုးမျိုး၊ ကြွေထည်ပစ္စည်းများ၊ ပုဂံများ၊ အိမ်သုံးဆေးဝါးပစ္စည်းများ ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်ဧည့်သည်တော်များသည် ဖျော်ဖြေရေး စင်မြင့်ရှိ ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၆)ဗိုလ်တထောင်(ယခင်စိန့်ပေါကျောင်း)မှသက်ပြည့်အငြိမ်းစားယူခဲ့ကြသည့် ဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် ပူဇော်ပွဲကို မတ် ၂ ရက်က အဆိုပါကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ ကျောင်းသားဟောင်း ဦးသက်ချိုဦးက ပူဇော်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (က-ပ)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ကံထူးရှင်ရွေးချယ်ပွဲ၊ ပျော်ပွဲရွှင်ပွဲဈေးပွဲခင်းနှင့် စတုဒိသာကျွေးမွေးပွဲတွင် ဖွင့်လှစ်ရောင်းချပေးသော ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

သီတဂူဆရာတော်နှင့် ဘုရားဖူးအဖွဲ့ ပါကစ္စတန်နိုင်ငံသို့ ခရီးထွက်ခွာ

ရန်ကုန် ဧပြီ ၁

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ခေါင်းဆောင်သော မြန်မာဘုရားဖူးအဖွဲ့ဝင် ၅၂ဦးသည် ပါကစ္စတန်နိုင်ငံ ဗုဒ္ဓဘာသာစေတီများနှင့် သာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာရန် မတ် ၃၁ရက်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးမှ တာဝန်ရှိသူများနှင့် သီတဂူသာသနာပြုအဖွဲ့ဝင် ဒါယကာ၊ ဒါယိကာမများကပို့ဆောင်နှုတ်ဆက်ကြသည်။

လေ့လာမည်

ဆရာတော်ကြီးနှင့်အဖွဲ့သည် ပါကစ္စတန်နိုင်ငံ တက္ကသီလာ၊ ဂန္ဓာရ၊ ဆလ်တောင်ကြားရှိ ဗုဒ္ဓဘာသာစေတီ၊ သာသနိကအဆောက်အအုံများကို တစ်ပတ်ခန့် လေ့လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၁၅ ၇။ ခါသကြိန်အဆိုအကများ
၅:၂၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၃။ ခါသကြိန်အဆိုအကများ
၆:၄၀ ၁၄။ လျှပ်တပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှိတော့ရှိတယ် ရှားတယ်" (အပိုင်း-၃)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မေးမြန်းစူးစမ်း
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝေဟင်ချစ်သူ" (အပိုင်း-၁၆)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်းဇမ္ဗူ ရတနာယဉ်ကျေးလိမ္မာမင်္ဂလာသင်တန်း၏ နာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဩဘာသ ၏ ဂုဏ်ဝိသိဋ္ဌပူဇာသဘင်နှင့် ဇမ္ဗူရတနာယဉ်ကျေးလိမ္မာ သင်တန်း ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်အား ဂုဏ်ပြုပွဲကျင်းပရေး အစည်းအဝေးကို မတ် ၄ ရက်က ကျင်းပစဉ်။ (က-ပ)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ် ရေးဖြေပြိုင်ပွဲကို မတ် ၁၂ ရက် နံနက် ၇ နာရီခွဲတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းခန်းမတွင် ကျင်းပရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဦးစီးအရာရှိကြီးများက တိုင်းအဆင့် စစ်သည်တော် ကျင့်ဝတ် ရေးဖြေပြိုင်ပွဲသို့ အရာရှိ ၁၈ ဦး၊ အရာခံ ၁၈ ဦး၊ အကြပ်၊ စစ်သည် ၁၈ ဦး စုစုပေါင်း အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် ၅၄ ဦး ပါဝင်ရေးဖြေနေမှုကို လှည့်လည်ကြည့်ရှု အားပေးစဉ်။ (၁၀၇)

ဝန်ကြီး ဗိုလ်ချုပ်စောလွင် အိမ်သုံးလျှပ်စစ်မီတာ ထုတ်လုပ်မှု အလုပ်ရုံ ကြည့်ရှုစစ်ဆေး လျာထားချက်ပြည့်မီအောင် ထုတ်လုပ်ရန် မှာကြား

နေပြည်တော် ဇွန် ၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ရုံးချုပ်ခန်းမ၌ လုပ်ငန်းမှ တာဝန်ရှိသူများနှင့် စီမံကိန်းများ တာဝန်ယူဆောင်ရွက်နေသော စီမံကိန်းညွှန်ကြားရေးမှူးများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအား သတ်မှတ် လျာထားချက်နှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်၊ ခြိုးခြံချွေတာပြီး အလေအလွင့်နည်းပါး စေရေးအတွက် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်သွားကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက်ဝန်ကြီးသည်တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်တောင်ပိုင်း အမှတ်(၂) စက်မှုဝန်ကြီးဌာန တောင်ဒဂုံစက်မှုနယ်မြေရှိ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(တောင်ဒဂုံ) အားကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးကိုကိုကြီးက အမှတ်(၂) စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)မှ စမ်းသပ်တီထွင် ထုတ်လုပ်ထားသော သီးနှံဆီသုံး (Protos) မီးဖိုများအား ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အိမ်သုံး လျှပ်စစ်မီတာ ထုတ်လုပ်မှု အလုပ်ရုံ၌ အိမ်သုံးလျှပ်စစ်မီတာများ တပ်ဆင်ထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် စမ်းသပ် စစ်ဆေးနေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဒေါ်လှဲ့လှဲ့ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးက လျှပ်စစ်မီတာများအား လျာထားချက်ပြည့်မီအောင် ထုတ်လုပ်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျော့နည်းရေး၊ အလေအလွင့် နည်းပါးရေး လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီ ချွေတာရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်/ စက်မှုအသင်းချုပ်နှင့် ယူနန်ပြည်နယ်ကုန်သည်များ အသင်းတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့အား မတ် ၃၀ရက် နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သည်များအသင်းမှ ဒုတိယဥက္ကဋ္ဌ Ms. Zheng Lu နှင့် ဒုတိယညွှန်ကြားရေးမှူး Mr. Xu Qiang တို့သည် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး ၂၀၀၇ ခုနှစ် ဇွန် ၄ ရက်နှင့် ၅ ရက်တို့တွင် ယူနန်ပြည်နယ် ကူမင်းမြို့၌ The First Meeting of UMFCCI-YPCC Economy and Trade Co-operation Forum ကျင်းပနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကို မတ် ၂၀ ရက် ည ၇ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးသန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်မိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်မူခင်းကျဆင်းရေး ကော်မတီဝင်များနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးသန်းက ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေးနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးသည်။ **(အောက်ပုံ)** မူခင်းကျဆင်းရေး ကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုလှိုင်က မူခင်းကျဆင်းရေး လှုံ့ဆော်ပိုစတာများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်မိုးအား လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။ (က-ပ)



အနုမောဒနာတရား နာကြား

ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် (၄၆)ရပ်ကွက် မဟာအောင်မြေ သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက် စတုတ္ထအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်အောင်ပွဲနှင့် စာအောင်ဆုနှင်းသဘင်ပွဲ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာကြားစဉ်။ (၆၃)

ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက် သင်္ကြန်တရားစခန်း ဖွင့်မည်

ရန်ကုန် ဇွန် ၁

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေအတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်ကာလ တရားစခန်းပွဲကို တန်ခူးလပြည့်ကျော် ၁၁ ရက် (ဧပြီ ၁၂ ရက်မှ ၁၈ ရက်)အထိ ကျင်းပမည်ဖြစ်ရာ ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကချုပ် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ၊ လှိုင်မြို့နယ် (၁၄)ရပ်ကွက် မြနန္ဒာအိမ်ရာ ဝိသုဒ္ဓါရာမ စိန်ပန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ၊ ပန်းတစ်ပွင့်တောင် နာယကဆရာတော် ဘဒ္ဒန္တဉာဏိဿရတို့က ပဋိစ္စသမုပ္ပာဒ် ခန္ဓာဉာဏ်ရောက်တရားတော်များ ဟောကြားတော်မူမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ပန်းတစ်ပွင့်တောင် ဖုန်း-၀၅၅-၂၀၂၅၉၊ ၀၅၅-၂၀၅၂၃ နှင့် စိန်ပန်းကျောင်းတိုက် ဖုန်း-၆၈၃၅၉၀ တို့ထံ ဆက်သွယ်စာရင်းပေးနိုင်ပြီး တရားစခန်းဝင်လိုသူများ ဧပြီ ၁၂ ရက် မွန်းလွဲ ၁ နာရီအရောက် စိန်ပန်းကျောင်းသို့ လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

မြေး မောင်ရာဇာလင်းအား ရည်စူး၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နိဗ္ဗာန်လမ်းနေ အဘွား ဒေါ်ထွားစိန်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

အမရဝတီကျောင်း တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် စံပြကျေးရွာရှိ အမရဝတီကျောင်းတိုက် ပဓာနနာယက ဆရာတော် (ပြည်တွင်း၊ ပြည်ပ သာသနာပြု) ဘဒ္ဒန္တရေဝတ (သဒ္ဓမ္မဇောတိကဓဇ) ဦးစီး၍ ဧပြီ ၁၃ရက်မှ ၁၇ ရက်အထိ သင်္ကြန်တွင်း ဒုလ္လဘ တရားစခန်းကို ကျင်းပမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများသည် အမရဝတီ သာသနရက္ခိတအဖွဲ့ ဦးညိုအေး ဖုန်း-၅၇၂၆၃၈၊ ၀၉၅၁၉၄၇၆၅၊ ဦးမြတ်မျိုးသန့် ဖုန်း-၀၉၅၀၀၀ ၈၃၈ နှင့် အမရဝတီကျောင်းတိုက် အရှင်ဝိသုဒ္ဓ (ဝိမုတ္တိသုခစံကျောင်း)တို့တွင် စာရင်းပေးသွင်းနိုင်ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အအေးလှူဒါန်းလိုသော စေတနာရှင်များလည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

သမိုင်း CNG အရောင်းဆိုင် သဘာဝဓာတ်ငွေ့ ပြန်လည်ရောင်းချ

ရန်ကုန် ဇွန် ၁

စက်ချို့ယွင်းမှုကြောင့် အရောင်းရပ်ထားသော အမှတ်(၀၀၁) သမိုင်း CNGအရောင်းဆိုင်အား မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်များက နေ့ရော ညပါ ပြုပြင်ခဲ့ရာ မတ် ၂၅ရက်တွင် ပြင်ဆင်ပြီးစီးခဲ့ပြီး သဘာဝဓာတ်ငွေ့များ ချက်ချင်းပြန်လည်ရောင်းချနိုင်ခဲ့သဖြင့် ယာဉ်ပိုင်ရှင်များ ယခင်ကထက် ပိုမိုလျင်မြန်စွာ သဘာဝဓာတ်ငွေ့ဝယ်ယူနိုင်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

အမှတ်(၀၀၁) သမိုင်း CNG အရောင်းဆိုင်၌ မော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့ ဖြည့်ကြစဉ်။ (စွမ်းအင်)

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

သီတဂူကြယ်တစ်ပွင့်၏ ဓမ္မခရီး

ရန်ကုန် ဧပြီ ၁

မန္တလေးတိုင်း ပြည်ကြီးတံခွန်တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာနနာယက သာသနဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ သည် ဧပြီ ၂ ရက်မှ ၁၆ ရက်အထိ အိန္ဒိယ-နီပေါ-ဗုဒ္ဓဂယာဘုရားဖူးခရီး၊ ၁၇ ရက်ည ဝေဘာဂီလမ်းမ မြောက်ဥက္ကလာပ ရန်ကုန်၊ ၁၈ ရက်ည ယုဇနလမ်း (၂) ရပ်ကွက် မြောက်ဥက္ကလာပ ရန်ကုန်၊ ၁၉ ရက် (ဆည်းဆာ) ဓမ္မိက ဓမ္မာရုံ ရန်ကင်း ရန်ကုန်၊ (၄င်းည) အမှတ်(၂)ရပ်ကွက် မြောက် ဥက္ကလာပ ရန်ကုန်၊ ၂၀ ရက် (ဆည်းဆာ) ကျိုက္ကလော့ဘုရား မင်္ဂလာဒုံ ရန်ကုန်၊ (၄င်းည) အမှတ်(၉)နယ်မြေ ရွာမအနောက် အင်းစိန် ရန်ကုန်၊ ၂၁ ရက်ည နှစ်ဦးတရားပွဲ သကျမုနိဘုရား ကြည့်မြင်တိုင် ရန်ကုန်တို့၌ တရားတော်များ ဟောကြားတော် မူမည်ဖြစ်သည်။ (က-ပ)

(၂၅)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးမျိုးလွင်** (သံအမတ်ကြီး၊ ကိုရီးယားသမ္မတနိုင်ငံ)နှင့် ချစ်မေမေ **ဒေါ်ခင်ဆွေရင်** (ဌာနမှူး-ငြိမ်း၊ မြန်မာ့စက်ရုံနှင့်အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း)တို့၏ ၃၁-၃-၂၀၀၇ ရက်နေ့တွင် ကျရောက်သော **(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ**မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သားလေးနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်သား-မောင်မျိုးထက်အေး
အလုပ်သင်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးခင်မောင်ဝင်း(သမဝါယမ-ငြိမ်း)-ဒေါ်ခင်မြင့်(အထက-၁၊သာကေတ)
တို့၏သားထွေး
ဗိုလ်ရဲလင်းထွေး B.E (Electronic) DSTA
နှင့်
ရန်ကုန်မြို့နေ
ဦးမြင့်စန်း(ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်နီနီတို့၏ သမီးဦး
မဝေဝေဖြိုးမြင့်

တို့၏ ၁-၄-၂၀၀၇ ရက်တွင် Summit Parkview Hotel ၌ ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်၍ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော စစ်ဘက်အရာရှိကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၂၈-၃-၂၀၀၇ ရက်တွင် နေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဆွမ်းကပ်လှူပွဲနှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော သာကေတမြို့နယ် တရားသူကြီး ဦးစိုးသန့်နှင့် ဇနီး ဒေါ်ခင်ခိုင်မြင့်အားလည်းကောင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော မယုယကို၊ မင်္ဂလာပန်းကြဲပေးသော မချစ်စုကိုကို၊ မင်္ဂလာလက်စွပ်ဗန်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မအေးငြိမ်းသူ၊ သတို့သားအရံ ဗိုလ်ရွှေသွေးနှင့် ဗိုလ်အောင်ကျော်မြင့်၊ သတို့သမီးအရံ မဖြူဖြူခိုင်နှင့် မဘာရဏီဝင်းမင်းထွေး၊ ထိမ်းမြားမင်္ဂလာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော မိတ်ဆွေသင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် ဗိုလ်ရဲလင်းထွေး-မဝေဝေဖြိုးမြင့်

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၄)ဖြန့်ချိ

ရန်ကုန် ဧပြီ ၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၄)တွင် မဟာသင်္ကြန် အထူးသတင်းကဏ္ဍများနှင့်အတူ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၇) နေပြည်တော်တွင်ကျင်းပ၊ ယခုနှစ်သင်္ကြန်တွင် အပူရှိန် ပြင်းနိုင်သဖြင့် အရက်သောက်လည်သူများ အသက်အန္တရာယ်စိုးရိမ်ရ၊ ကျီးငှက်များ မကြာခဏ ပြုတ်ကျတက်၍ အိမ်မွေးကြောင်များကို ဂရုစိုက်စောင့်ကြည့်ရန်လို၊ ကျပ်သိန်းရှစ်ဆယ်တန် သင်္ကြန်အထူးဂျစ်ကား ဆယ့်ငါးရက်အတွင်း အပြီးဆောင်ရွက်ပေးမည်၊ မကာအိုဟိုတယ် ဘာသာရပ်ဆိုင်ရာကောလိပ်က မြန်မာကျောင်းသား ၈၀၀ ခန့် ခေါ်ယူမည်စသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။ ဘယ်သူဂိုးသွင်းဘုရင်လဲဆိုတဲ့အမေး ဘယ်လိုအဖြေပေးမလဲ၊ အားကစား ဆောင်းပါးနှင့်အတူ အမေရိကန် သူခိုးလမ်းညွှန်ဆိုင်းဘုတ်လည်းမချန်၊ အခြေခံပညာသင်ကလေးများ၏ အဝလွန်ပုံရိပ်တိုက်ဖျက်ရေး အစီအစဉ် စင်ကာပူတွင် ပြန်လည်ရုပ်သိမ်းရ၊ စီးပွားရေးသုံး ဂျက်လေယာဉ်ကြီးများထုတ်လုပ်ရန် တရုတ်နိုင်ငံ ဆုံးဖြတ် စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်း) က သာမန်တန်း အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရွှေစွန်ညို ကြက်တောင်အသင်းပြိုင်ပွဲနှင့် ထူးချွန်အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၄၃)နှစ်မြောက် ရွှေစွန်ညို ကြက်တောင်အသင်း ကြက်တောင်ပြိုင်ပွဲဆုပေးပွဲနှင့် ထူးချွန်ကြက်တောင် အားကစားသမားများအား ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် နာယက ဦးကြည်ညွန့်နှင့် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်း)တို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး ရွှေစွန်ညို ကြက်တောင်အသင်း အတွင်းရေးမှူး ဦးစည်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ရွှေစွန်ညို ကြက်တောင်အသင်း ဥက္ကဋ္ဌ ဦးအောင်သန်းက ဆရာဦးခင်လှိုင်အား ဂါရဝပြု လက်ဆောင်ပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံ ကြက်တောင် အဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ရွှေစွန်ညိုကြက်တောင်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲအသီးသီး၌ ဆုရရှိသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရွှေစွန်ညို ကြက်တောင်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းက ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီသူများကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးစည်သူက ဒိုင်အဖွဲ့ကို လည်းကောင်း၊ အမှတ်တရ လက်ဆောင်များပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်မှ ဦးဇော်လေး (General Group) က ရွှေစွန်ညို ကြက်တောင်အသင်း ဂုဏ်ဆောင် ထူးချွန် အားကစားသမားများနှင့် ၂၀၀၇ ခုနှစ် အကောင်းဆုံးလူငယ် ကြက်တောင်အားကစားသမားဆုရ အမျိုးသား အောင်ကြည်မင်း၊ အမျိုးသမီး ခင်ကေသီလွင်နှင့် အကောင်းဆုံး ကြက်တောင် အားကစားသမားဆုရ အမျိုးသား-သံလွင်အောင်နှင့် အမျိုးသမီး-လှိုင်မွန်ကြူတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် နာယက ဦးကြည်ညွန့်က ကြက်တောင်ချစ်သူများဖြစ်သည့် ဦးကျော်၊ ဦးကြူးရှောင် (ဇင်ယော်)နှင့် ဦးစိုးမြင့်(ငှက်ခါး)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

Excel Shopping Mall ၌ ကူပွန်မဲဖွင့်ပွဲ ဆပ်ပြာနှင့်လျှပ်စစ်ပစ္စည်းများ အရောင်းမြှင့်တင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

Excel Shopping Mall ၏ ကျပ်သိန်း ၁၅၀ကျော် ကူပွန်မဲဖွင့်ပွဲ Royal Gold Soap, Imperial Leather Soap နှင့် Electronic Sales Promotion ပွဲတော်ကို ယနေ့ ညနေ ၃နာရီမှ ၇နာရီအထိ ရန်ကုန်မြို့ Excel Shopping Mall ဒုတိယထပ်၌ ကျင်းပသည်။

အဆိုပါပွဲတွင် မော်ဒယ်တင်မိုးလွင်နှင့် Talents & Model အဖွဲ့၊ သရုပ်ဆောင်ပပဝင်းခင်နှင့် အနုပညာရှင်များက ကူပွန်မဲဖွင့်လှစ်ပေးခြင်း၊ ဟာသသရုပ်ဆောင်များက ဖျော်ဖြေတင်ဆက်ခြင်း၊ မော်ဒယ် သရုပ်ဆောင်များ၏ သရုပ်ပြသမှုများ၊ ဧည့်ပရိသတ်များအား Lucky draw နှင့် မေတ္တာလက်ဆောင်ပေးခြင်းများ ပါဝင်သည်။

Royal Gold ဆပ်ပြာသည် အသားအရေ ခြောက်သွေ့အက်ကွဲခြင်းကို ကာကွယ်ပြီး အရေပြားကို ဖြူဖွေးလှပချောမွတ် သန့်စင်စေကာ ရနံ့သင်းပျံ့သည့် အရောင်ခြောက်မျိုးဖြင့် ထုတ်လုပ်ပြီး ခရမ်းရောင်မှာ အသားအရေကို ချောမွတ်စေကာ သင်းပျံ့လန်းဆန်းစေခြင်း၊ အနီရောင်မှာ အသားအရေအားလုံးအတွက် သင့်တော်သော သဘာဝသန့်စင်ပစ္စည်းများနှင့် ထုတ်လုပ်ထားခြင်း၊ အပြာရောင်မှာ အသားအရေကို ဖြူဖွေးစေသည့် သဘာဝအော်ဂဲနစ် ပစ္စည်းများနှင့် ထုတ်လုပ်ထားခြင်း၊ အစိမ်းရောင်နှင့် ပန်းရောင်တို့မှာ အသားအရေပျက်စီးခြင်းမှ ကာကွယ်စေပြီး အသားအရေကို စိုပြည်စေသည့် သဘာဝအော်ဂဲနစ်ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်း၊ အနက်ရောင်မှာ Vitamin-E ပါဝင်၍ အသားအရေအားလုံးအတွက် သင့်တော်ခြင်းများ ရရှိခံစားရမည်ဖြစ်ကြောင်း ရှင်းလင်းပြသကြသည်။

Electronic Sales Promotion အနေဖြင့် လျှပ်စစ်ပစ္စည်းဆိုင်ရာ Brandမျိုးစုံကို တစ်နေရာတည်းတွင် ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Excel Shopping Mall ၌ ကူပွန်မဲဖွင့်ပွဲနှင့် အရောင်းမြှင့်တင်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

သဲအင်းဂူအဓိဋ္ဌာန် သင်္ကြန်ခုနစ်ရက်စခန်း

ရန်ကုန် ဧပြီ ၁

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် သာသနာဒီပ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ မူလကျေးဇူးရှင် သဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တ ဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တ သိရိန္ဒ၊ အရှင်သုနန္ဒ(သာသနာဒီပ) ဆရာတော်များက ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်များ ဟောကြား မည်ဖြစ်ရာ ဝင်ရောက်အားထုတ်လိုသူများ ဧပြီ ၁၂ ရက် ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်၍ စာရင်းပေးသွင်း အားထုတ်နိုင်ကြောင်းနှင့် ဖုန်း ၀၁-၇၀၉၈၉၁ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (၂၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၀၇ (တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဂုဏ်ပြုကြပါစို့ တရားတော် (အပိုင်း-၂) [အရှင်ဝီရိယ (ဓမ္မဘေရီ-တောင်စွန်း)]
၅:၅၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "အကောင်းဆုံး" တေးစီးရီး မိတ်ဆက်ပွဲ
၈:၁၅	ခါသင်္ကြန်အဆိုအက
၈:၂၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈:၃၅	ခါသင်္ကြန်အဆိုအက
၈:၄၀	ကော်ဖီကိုဗဟိုပြု၍
၉:၀၀	ပြည်တွင်းသတင်းအကျဉ်း
၉:၁၀	Movie Talk (ငါ့ဓား ငါ့သွေး ငါ့ရောဝတီ)
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	အနာကြီးရောဂါကင်းဝေးဖို့ ဆွေးနွေးတိုင်ပင်ပြောကြစို့ (ညီဘွား၊ ဂွမ်းပုံကြီး ၊ဖေချစ်) [ဒါရိုက်တာ-အောင်မိုး (ပဲရစ်)]
၁၀:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅	Graphic Design (အပိုင်း-၂) (မြင့်မောင်ကျော်၊မျိုးမြတ်သူ)
၁၀:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀	ခါသင်္ကြန်အဆိုအက
၁၁:၀၅	စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်ဂီတ)
၁၁:၂၀	ခါသင်္ကြန်အဆိုအက
၁၁:၂၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (သောင်းပြောင်းထွေလာ ကျန်းမာရေးပြဿနာများ) (အပိုင်း-၁) (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ဧည့်သည်တော် မျိုးစန္ဒီကျော်)
၁၁:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀	စွဲမက်ဖွယ်ရာရွှေတောင် ဒေသထွက်အစားအစာ
၁၂:၁၀	ခါသင်္ကြန်အဆိုအက
၁၂:၁၅	သွန်းလောင်းသံနည်းပညာ
၁၂:၃၀	ပြည်တင်းသတင်းအကျဉ်း
၁၂:၄၀	ခါသင်္ကြန်အဆိုအက
၁၂:၄၅	မြန်မာ့မီးရထားစွမ်းအား ကျောက်ရေတွင်းခုံးကျော်တံတား
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Aston Villa- Everton	5-Sports(Live)

(၄)နှစ်ပြည့် မွေးနေ့ဆုတောင်း

၂-၄-၂၀၀၇ ရက်တွင် ကျရောက်သော တစ်ဦးတည်းသော သားလေး **မောင်အာချီဖြိုး(ခ)လရောင်ဖြိုး**၏ **(၄)နှစ်ပြည့် မွေးနေ့မင်္ဂလာ**မှသည် နောင်မွေးနေ့များစွာ တိုင်အောင် လိမ္မာရေးခြားရှိပြီး ထူးချွန်ထက်မြက်သည့် သားကောင်းရတနာလေးဖြစ်ပါစေ။

ချစ်ဒယ်ဒီ-ဦးကျော်စွာဖြိုး
ချစ်မာမား-ဒေါ်စမ်းစမ်းဝင်း
အဘွားမြ၊ ဘွားစော
ဘိုးဘိုး၊ ဘွားဘွား၊
တီတီစု၊
တီတီအိ၊ တီတီသီရိ (Bambino)

The VOICE Weekly

၂၀၀၇ ခုနှစ်၊ ဧပြီ (၂) ရက်၊ တနင်္လာနေ့၊ အတွဲ(၃)၊ အမှတ်(၂၆)

- ဆင်ဖိုနီဖခင် ၂၀၅ နှစ် အမှတ်တရ နိုင်ငံတော်သံစုံတီးဝိုင်း၏ဖျော်ဖြေပွဲ၊
- MRTV-4 နိုင်ငံအနှံ့ ကြည့်နိုင်တော့မည်၊
- ကားဈေးကျရိပ်ရှိသော်လည်း မရောင်းရဲသည့်အကြောင်းရင်း၊
- ဆူဇူကီး အာရုံမိုင်းနပ်စ်လောင်စာ နှစ်မျိုးသုံးထုတ်မည်၊
- မြစ်မှကျူးလွန်ယာဉ်များကို ထိရောက်စွာအရေးယူမည့်ရက်သတ္တပတ်၊
- ချင်းမိုင်တက္ကသိုလ်တွင် မြန်မာအများဆုံးလျှောက်သည့်မဟာတွဲ၊
- ကျန်းမာရေးသတိပေးချက်နှင့် စားအုန်းဆီဈေးကွက်အပြောင်းအလဲ၊
- ရန်ကုန်တွင်ကျင်းပမည့် အာဆီယံအစည်းအဝေး၊
- ဆန်အိတ်တွေ ဘာ့ကြောင့်အလေးချိန်လျော့တာလဲ၊
- ပြည်တွင်းတွင်ရရှိနိုင်မည့် နိုင်ငံတကာအသိအမှတ်ပြု ICDL လက်မှတ်၊
- ကျောက်မျက်သိုလှောင်ရုံဝန်ဆောင်မှုလုပ်ငန်းပေါ်ပေါက်ရန်ရှိ၊
- လေအေးစက်ပိတ်၍ တောပြန်ရမည့် Radical အယူအဆ၊
- အသင်းအဖွဲ့တွေ ဘာ့ကြောင့်မအောင်မြင်တာလဲ၊
- စိတ်ပိုင်းဆိုင်ရာပြဿနာများကို ဖြေရှင်းနည်း၊
- ထိုင်းနိုင်ငံတွင်အရေးပေါ်အခြေအနေပြဋ္ဌာန်းတော့မည်လော စသည့် လူမှုစီးပွားဆိုင်ရာ သတင်းထူးများ ...

ထွက်ပြီ

(၂၇)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ **ဗိုလ်မှူးကြီးနေဝင်း**(ငြိမ်း)-မေမေ **ဒေါ်စောသိန်း**တို့၏ **၂-၄-၂၀၀၇** ရက်တွင် ကျရောက်သော **(၂၇)နှစ်မြောက်** မင်္ဂလာရက်မြတ်မှသည် နောင်ရတုပေါင်းများစွာတိုင် မိသားစုနှင့်အတူ အေးချမ်းပျော်ရွှင်သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီး ဆင့်ဆင့်ဖြိုး

MUSIC တီးဝိုင်းပစ္စည်း ငှားရမ်းရေးလုပ်ငန်းမှ

သင်္ကြန်ရက်အတွင်း တီးဝိုင်းပစ္စည်းများ၊ အသံပိုင်းဆိုင်ရာ **Speaker** (စပီကာ) များကို ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းပေးနေပါသည်။

စုံစမ်းရန်-Ph-293787
H.Ph-09516 1132

ကျွန်ုပ်စကားကလေး

- မျက်ရည်ခိုင်အောင် ထိန်းချုပ်သွားနိုင်ပြီဆိုတဲ့ ရဲလေး
- သို့လော...သို့လော သမိုင်းသက်သေ သားစိုးနဲ့ ဒီဂျေဂျေးတို့ရဲ့ ရောသမမွှေဂယက်
- အချစ်ဦးစုံတွဲကင်ပာနန်းနှင့်ကန်ဂျင်ဟွမ်းလှုပတဲ့အချစ်ကိုအခိုက်အတန့်ရခဲ့တဲ့လီမြောင်ဟွန်း
- ဆယ်ကျော်သက်ဇာတ်ရုပ်တွေကို သရုပ်ဆောင်ရမှာ စိတ်မလုံခြုံဘူးဆိုတဲ့ ထွန်းအိန္ဒြာဗို
- ကျန်စစ်မင်းဟာ သူ့အတွက်တော့ သမိုင်းမှတ်တိုင်တစ်ခုလို့ပြောတဲ့ လူမင်း
- တချို့အဆိုတော်တွေရေပန်းစားတာ ခိုးကူးတွေရဲ့ကျေးဇူးကြောင့်လို့ဆိုတဲ့ ဇော်ဝင်းထွဋ်
- အချစ်က အဆင်မပြေတဲ့အခါ ပူလောင်တယ်ဆိုတဲ့ ပေါမာန်အောင်အောင်
- အချစ်တစ်ခုတည်းအတွက် အားသွန်ခွန်စိုက် မကြိုးစားချင်သူ ကင်ဂျိုဂူး
- တချို့တွေ ခိုးလိုးခုလုဖြစ်သွားတဲ့ အလယ်ရိုးမခေတ်ပေါ်ကဗျာဆု နောက်ဆက်တွဲဂယက်
- ဒဂုန်တာရာ၊ ပါရဂူ၊ ဇေယျာလင်း၊ သာဂဒိုး၊ မောင်ညီပြာ စသည့်ကဏ္ဍစုံလင်စွာဖြင့်

၂၀၀၇ ခုနှစ် မေလထုတ် ထွက်ပြီ

သံသေဆင်းတော်များသီတင်းသုံးရာ ဂူဗွာသယနဝင်းစေတီကိန်းရာ အောင်မြေ ကျေးဇူးရှင်ရွှေပေါက်ကျွန်းဆရာတော်ကြီးချီးမြှင့်သော ကဆုန်လညောင်ရေသွန်းပွဲနှင့်ကဆုန်လကျင့်စဉ်၊ လယ်တီဆရာတော်ကြီး၏အံ့ဖွယ်သရဲ ထူးကဲလှသောဆွမ်းကပ်လှူပွဲ၊ ခါတော်မီစေတီနှင့်ဗေဒင်အချုပ်မဟာဘုတ်နိဒါန်း အိပ်မက်ကရနဲ့သည့် မန္တန်တစ်ပုဒ်ကြောင့် သေဘေးကလွတ်ခဲ့သည့်ကျွန်တော်၊ စာရေးဆရာနှစ်ဦးရဲ့ကိုယ်တွေ့တွေ့ပုံပြင်ဇာတ်လမ်းများ၊ မိမိဦးခေါင်းကိုလိုက်ရှာနေသည့်ဝိညာဉ်တစ္ဆေ၊ ကလေးငယ်များလမ်းလျှောက်လျှင်ဆတ်တောက်ဆတ်တောက်ဖြစ်နေသော်ဆေးပုအတွက်ဆေးမခက်စာကြည့်များ၊ ၎င်းမျက်စိအောင့်တတ်သော်၊ ပင်လယ်ထဲကကျတ်သေသူ မြင်းကိုကျပ်မောင်၊ ကုလားဘိုတီနှင့်ချစ်သူသည်းအိမ်၊ သိုက်ရှင်မြွေဆိုရင်တီလိုသဘောထားမယ်တဲ့၊ လက်ဖက်ရည်ခွက်ထဲကလှသတ်မှုကျောက်ဖောက်နှယ်ရင်နှာမည်ပြောင်များကိုလေ့လာခြင်း၊ ရေတံခွန်ပုံနှင့်ကြီးပွားစေလိုအနေနောက်တိုင်းကာလနှင့်မှတ်တမ်းလျှာ၊ ကိုးသံလေးထပ်ဆရာတော်နှင့် နက္ခတ်ဗေဒင်ပညာ - - - စသည့်တို့ဖြင့်

အမှတ် (၂၁)
၂၀၀၇ခုနှစ်
မေလ

သိုက်နန်း

ထွက်ပြီ

မဂ္ဂဇင်း

ဖြန့်ချိရေး
ပညာရွှေတောင်
၀၁-၂၄၀၆၉၀

7DAY SPORTS journal

၇ ရက် အားကစားဂျာနယ်

သင့်အတွက်

အသစ်လွင်ဆုံး၊ အလတ်ဆတ်ဆုံး၊ အပြည့်စုံဆုံး အားကစားဆိုင်ရာသတင်းများ၊ သတင်းဆောင်းပါးများ၊ ကဏ္ဍစုံလင်စွာ ဘောလုံးရသအပြည့်ဖြင့် ယနေ့ထွက်ပြီ။

ထွက်ပြီ

Tel: 01-243 542
09-51-73255

အမှတ် (၁၂၅/၁၂၇)၊ သိမ်ဖြူလမ်း၊ ၂၅ပေ X ၉၉ပေ ရှိ မြေညီထပ်အိမ်ငှား ဦးမောင်သန်းနှင့် သက်ဆိုင်သူအများသိစေရန် ကြော်ငြာ

၁။ အမှတ် (၁၂၅/၁၂၇)၊ သိမ်ဖြူလမ်း၊ (၂၅ပေx၉၉ပေ)ရှိ အိမ်ခန်း ဥပစာ အကျိုးခံစားခွင့်များ၏ မူလအိမ်ငှား ဦးမောင်သန်း[၁၂/မဂတ(နိုင်) ၀၄၈၅၅၄]သည် ယင်းအခန်းနှင့်စပ်လျဉ်း၍ အမွေဆိုင် အရှုပ်အရှင်းမရှိကြောင်း၊ အမွေဆိုင်များကို တာဝန်ယူကြောင်း ကတိသစ္စာပြုလွှာတစ်စောင်ကို (၁၀-၈-၂၀၀၆) ရက်နေ့တွင် ရန်ကုန်တိုင်း တရားရုံး၌ ကျမ်းကျိန်လွှာ ပြုလုပ်ပြီးလျှင် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်အမှတ်(၅၂၁၇/၂၀၀၆)ဖြင့် မှတ်ပုံတင်သွင်းကာ ကျွန်ုပ်၏မိတ်ဆွေ ဦးတင့်လွင် [၁၂/ပဘတ (နိုင်) ၀၁၇၆၈၄]၊ အမှတ် (၂၁၇/၂၁၉)၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူထံသို့ ပေးအပ်ထားခဲ့ပါသည်။

၂။ ဦးမောင်သန်း၏ အမွေဆိုင်များက အဆိုပါအခန်းနှင့် စပ်လျဉ်း၍ (၁၅-၉-၂၀၀၆)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၈)တွင် ၎င်းတို့၏ တရားရုံးချုပ်ရှေ့နေ ဦးကျော်ငြိမ်း၊ ဒေါ်ခင်မေသန်းတို့ဖြင့် ကန့်ကွက်လာခြင်းအပေါ် ဦးတင့်လွင်က ၎င်း၏ရှေ့နေဖြင့်(၂၁-၉-၂၀၀၆) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၁၈)တွင် မူလအိမ်ငှား ဦးမောင်သန်းအပေါ် အမွေဆိုင်များ၏ ကန့်ကွက်ချက်အား ရှင်းလင်းပေးရန် ထည့်သွင်းကြော်ငြာ သတိပေးခဲ့သော်လည်း ဦးမောင်သန်းသည် ယနေ့တိုင် အမွေဆိုင်များ၏ ကန့်ကွက်ချက်ကိုဖြေရှင်းခြင်းမပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဦးတင့်လွင်၏ အကျိုးစီးပွားအား ထိခိုက်နစ်နာဆုံးရှုံးမှုများ ရှိလာခဲ့ပါသည်။

၃။ ဦးမောင်သန်းအနေဖြင့် ဦးတင့်လွင်ထံမှ ရယူထားသော ငွေကြေးဖြင့် ဝယ်ယူထားသည့် အမှတ်(၁၅) ၈၈လမ်းတွင်ရှိ မြေညီတစ်စုံနှင့် ယခုလက်ရှိနေထိုင်လျက်ရှိသော ၉၄လမ်း၊ အမှတ် (၂၈) (ပ)ထပ်တို့ကို မည်သူ့ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အငှားချထားခြင်းတို့ မပြုလုပ်ပါရန် အသိပေးအပ်ပါသည်။

၄။ သို့ပါ၍ ဦးမောင်သန်းအနေဖြင့် အဆိုပါအိမ်ခန်း၏ အမွေဆိုင်များအားလုံးနှင့်ညှိနှိုင်း၍ ကန့်ကွက်ချက်များရုပ်သိမ်းခြင်း၊ ညှိနှိုင်းကျေအေးပြီးပြတ်ခြင်းကိစ္စရပ်များကို ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း အပြီးအပြတ်ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက တရားစွဲဆိုရလိမ့်မည်ဖြစ်ပါကြောင်း ဦးမောင်သန်းနှင့် သက်ဆိုင်သူအများ သိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -
ဦးလှမြင့် (ဒဂုံ) စဥ်-၉၀၁၂
အထက်တန်းရှေ့နေ
အမှတ်-၂၆၃၊ ၃-လွှာ၊ ဗားကရာလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၅၃၄၃၆၉

LIVING COLOR

အမှတ် (၁၄၁)၊ ဧပြီလ၊ ၂၀၀၇ ခုနှစ်

အလုပ်အကိုင်အခွင့်အလမ်း

- ယခုလ ရွေးချယ်ထားတဲ့ အကြိုက်ဆုံးကြော်ငြာနဲ့ ကုန်ပစ္စည်း၊
- နေပြည်တော်က အမျိုးသားကစားကွင်းရုံတည်ဆောက်မယ့်ကုမ္ပဏီ၊
- မတ်လတွင် စတင်တာဝန်ထမ်းဆောင်မယ့် အကောက်ခွန်ဝန်ထမ်းသစ်အရေအတွက်၊
- တရုတ်-မြန်မာဆက်ဆံရေး တစ်နေ့တခြား ပိုမိုနီးကပ်လာစေမယ့်လုပ်ငန်းစဉ်တစ်ရပ်၊
- ခုတင် ၄၀၀ ဆံ့ ပုဂ္ဂလိကဆေးရုံသစ် ဘယ်တော့ဖွင့်မလဲ၊
- ဘယ်လိုစားသောက်ကုန်တွေ ကွင်းဆင်းစစ်ဆေးခံရမလဲ၊
- ချောင်းသာကမ်းခြေမှာ တွက်ခြေအကိုက်ဆုံး အတွင်းကျယ်ဆုံးလုပ်ငန်း၊
- စင်ကာပူမှာ အလုပ်ရဖို့ ရာနှုန်းပြည့်သေချာသောအတတ်ပညာ၊
- ၂၀၀၇ မှာ ဘယ်လိုဈေးရောင်းကြသလဲ၊
- ဘယ်လိုလူတွေ အခွင့်အလမ်းရှိကြသလဲ၊
- ရန်ကုန် ကုန်စည်ဈေးကွက်နှင့် အမျိုးသားအကျိုးစီးပွား ဘယ်လိုဆက်စပ်သလဲ၊
- ကောင်းကျိုးပေးမည့် ဦးနှောက်ယိုစီးမှု၊
- မိဘတွေ သားသမီးပြုစုပျိုးထောင်တတ်ရဲ့လား၊
- Laptopကွန်ပျူတာပေါ် ကော်ဖီ၊ အအေးဖိတ်ကျရင်ဘာလုပ်ရမလဲ၊
- ပူအိုက်တဲ့ရာသီမှာ ဝတ်ဆင်ရမယ့်အဝတ်အစား၊
- အတ္တပရ၊ ပညာနှင့် ဘဝပုစ္ဆာများ စသည့်သတင်းများ၊ ဆောင်းပါးများနှင့်အတူ...

ထွက်ပြီ

ယနေ့မီးဘေး ကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်

အောင်ဘာလေထီ ကံထူးရှင်များ ရွေးချယ်

ရန်ကုန် ဧပြီ ၁

(၂၁၉) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများ စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၅၀၀)
ထ-၇၅၇၄၂၃

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ
ရ-၃၅၉၅၉၁
ဈ-၂၀၄၅၂၀

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ
ည-၉၂၈၀၂၀
ဓ-၅၁၅၈၈၆
ခ-၇၈၆၉၃၆
ဆ-၃၄၂၃၉၅

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ
က-၁၈၆၂၃၉
ဘ-၉၁၅၈၁၉
ပ-၈၉၈၆၉၀
တ-၈၀၃၉၉၃
ဍ-၅၆၆၃၉၇
ဓ-၂၈၁၄၆၁
ယ-၅၅၁၆၈၈
ဗ-၈၈၆၂၀၈
ပ-၁၄၅၁၆၆
ထ-၁၄၀၈၄၀
ဘ-၄၈၇၂၅၁
ည-၂၃၃၁၈၆
ည-၈၇၄၅၆၇
ဈ-၁၃၅၃၄၃
ဗ-၈၇၀၇၈၈

ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်) ဆုမဲများ
ဟ-၇၃၆၃၈၈
တ-၈၇၈၈၁၁
ဘ-၇၂၄၀၂၅
ဍ-၆၈၉၃၀၅
ခ-၈၃၄၇၁၄
ဓ-၁၀၃၃၄၉
ဗ-၄၅၁၁၃၂
ဗ-၂၃၀၅၇၀
မ-၇၉၈၀၉၄
ဏ-၆၈၁၀၃၅
ဃ-၂၈၁၅၇၂
န-၄၁၇၆၇၂
န-၁၉၀၄၈၆
ဌ-၅၃၆၂၈၅
င-၈၁၉၀၆၁
ဏ-၆၇၆၃၁၂
စ-၁၈၁၆၀၀

နောင်တော်ကြီးစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည့် နောင်တော်ကြီးစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❍

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသော ပရိသတ်များ နောင်တော်ကြီးစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

အင်တာနက်သတင်း

နှစ် ၅၀၀၀၀၀ က သတ္တဝါ ရုပ်ကြွင်းများ ဩစတြေးလျတိုက် လိုဏ်ဂူများ၌ တွေ့ရှိ

ဆစ်ဒနီ ဧပြီ ၁

ဩစတြေးလျတိုက်သို့ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀၀၀၀ခန့်က လူတို့ရောက်ရှိလာခဲ့ကြောင်း၊ မရေးမနှောင်းမှာပင် ဩစတြေးလျတိုက်ရှိ နို့တိုက်သတ္တဝါကြီးများ ပျောက်ကွယ်ခဲ့ကြောင်း လေ့လာတွေ့ရှိချက်တစ်ရပ်တွင် ဖော်ပြထားသည်။

မျိုးတုံးပျောက်ကွယ်သွားခဲ့သည့် တိရစ္ဆာန်များတွင် သားပိုက်ကောင်မျိုးစိတ်အချို့၊ ဝက်ဝံငယ်နှင့်တူသည့် ဝမ်ဘက်ခေါ် တောတိရစ္ဆာန်များနှင့် ကမ္ဘာတစ်ဝန်း မည်သည့်နေရာတွင်မျှ မတွေ့နိုင်တော့သည့် သတ္တဝါမျိုးစိတ်များပါဝင်သည်။ ခြင်္သေ့များ၊ ခွေးနှင့်တူသည့် ဟိုင်းအီးနား ခေါ် တောတိရစ္ဆာန်များ၊ ရေမြင်းများ၊ ကြံ့သူတော်များနှင့် အခြားတိရစ္ဆာန်ကြီးများကြောင့် သားပိုက်ကောင်နှင့်တူသည့် မာဆူပီယယ်လ်ခေါ် တိရစ္ဆာန်များမှာ အခြားတစ်နေရာရာသို့ ပြောင်းရွှေ့ကျက်စားခဲ့ရသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒

ဩစတြေးလျနိုင်ငံတောင်ပိုင်း ကင်ဂရူးကျွန်းတွင် ယဉ်ပါးသည့် သားပိုက်ကောင် တစ်ကောင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

NLD ပါတီ၏ လုပ်ဆောင်ချက်များသည် နိုင်ငံနှင့်လူမျိုးအကျိုးကို မည်သို့မျှ အထောက်အကူမပြု ပြည်ပနိုင်ငံကြီးအချို့နှင့် ပေါင်းကာ စီးပွားရေးပိတ်ဆို့အောင် လုပ်နေသဖြင့် ပြည်သူလူထုထိခိုက်နစ်နာ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လိုသဖြင့် တွံတေးမြို့နယ်မှ ပါတီဝင် လေးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ ဖြစ်ကြသော ခနောင်ကျေးရွာမှ ဦးခင်ရိုန်၊ ကြည်ဆိပ်ကျေးရွာမှ ဦးကျော်မြင့်၊ ကရင်ချောင်းကျေးရွာမှ ဦးအုန်းတင်နှင့် ဦးသောင်းဟန်တို့ လေးဦးသည် မတ် ၂၄ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

တွံတေးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ လုပ်ဆောင်ချက်များသည် နိုင်ငံနှင့် လူမျိုးအကျိုးကို မည်သို့မျှ အထောက်အကူမပြုသည့်အပြင် ပြည်ပနိုင်ငံကြီးအချို့နှင့် ပူးပေါင်းကာ စီးပွားရေးပိတ်ဆို့အောင် လုပ်ဆောင်နေသဖြင့် ပြည်သူလူထု ထိခိုက်နစ်နာနေသည့်အတွက် ၎င်းတို့အနေဖြင့် များစွာစိတ်ပျက်မိကြောင်း၊ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များသည် လက်တွေ့ကျပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိသဖြင့် ၎င်းတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီ အပေါ် စိတ်ဝင်စားမှုမရှိ၊ ထောက်ခံမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)